မြကြေးမှုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့ (1-3-2011) (၆၉၉၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းနှင့် လက်ထောက်များ လှူဒါန်းခြင်းအခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်(၅၀၀)၌ ကျင်းပသည့် ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းနှင့် လက်ထောက်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး ခုတင်(၅၀၀)မှ တာဝန်ရှိသူများနှင့် ဆေးရုံတက်လူနာများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ထူးခြားမှုများစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင် ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ၁၅-၁၂-၂၀၁၀ရက်၌ ကျင်းပခဲ့ရာ တက်ရောက်သတင်းယူခွင့် ရရှိခဲ့သည်။ ထူးခြားမှုများစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင် ရဲရွာ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားက စည်ကားသိုက်မြိုက်လှပြီး မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ခဲ့သည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ တည်ဆောက်ရေးကာလအတွင်း အကြိမ်ကြိမ်ရောက်ဖြစ်ခဲ့ရာ ရောက်ဖြစ်တိုင်း စိတ်လှုပ်ရှားကြည်နူးမိရသည်။ တည်ဆောက်ရေးကာလဖြစ်၍ လုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ကာယ၊ ဉာဏဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်မှာ အားတက်ဖွယ်ရာ မြင်ကွင်းတစ်ခုပင်ဖြစ်သည်။ တစ်ခေါက်ထက်တစ်ခေါက် ပိုမို၍ တိုးတက်ဖြစ်ထွန်းလာသော RCC ကွန်ကရစ်တမံ၊ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးနှင့် ပတ်ဝန်းကျင် သဘာဝရှုမျှော်ခင်းများသည် ပန်းရလှသဖြင့် မျက်စိထဲက မထွက်နိုင်အောင် ဖြစ်ရသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ အမှတ်(၃)ဓာတ်အားပေးစက် စတင် လည်ပတ်ခြင်းအခမ်းအနား ကျင်းပစဉ်ကလည်း တက်ရောက် သတင်းယူခွင့်ရခဲ့သည်။ ထိုစဉ်က မိုးနှောင်းကာလဖြစ်၍ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုများပြားကာ ရေပိုလွှဲ (Spillway)မှ ရေများ ဖြာဆင်းကျနေသည်မှာ လှပဲလှနိုင်လွန်းတော့သည်။ ကွန်ကရစ်တမံအနီးရှိ Switchyard နှင့် စီမံကိန်းတံတား (ဒုဋ္ဌဝတီတံတား-ရဲရွာ)အပေါ်သို့ ရေမှုန်ရေမွှားများ ဖြာကျလျက်ရှိသည်မှာ မိုးရွာနေသည့်အလားပင်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယခုအခါ **စာမျက်နှာ ၈ ကော်လံ ၁ သို့◆**



ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ရေပိုလွှဲ (Spillway)မှ ရေများဖြာဆင်းကျနေသည်ကို ရှုမောဖွယ် တွေ့ရစဉ်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ရာတွင် အလေးချိန်များပြားသည့် စက်ပစ္စည်းကိရိယာများ သယ်ယူရန်အတွက် တည်ဆောက်ခဲ့သည့် ဒုဋ္ဌဝတီတံတား-ရဲရွာကို တွေ့ရစဉ်။

ထူးခြားချက်များစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးစီမံကိန်းဖြစ်ပြီး သန့်ရှင်းသပ်ရပ်သော စက်ရုံ၊ သန့်စင်သောစွမ်းအင် ထုတ်လုပ်သော ကမ္ဘာ့အဆင့်အတန်းမီ စက်ရုံကြီးတစ်ရုံအဖြစ် ရပ်တည်လျက်ရှိ။

ကြေးမုံ The Mirror
၁-၃-၂၀၁၁ (အင်္ဂါနေ့)

ပြည်သူ့သဘောထား
- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောအနောက်ခြမ်းမှ ကျွန်းချောင်း-ဒေါင်းသာလမ်းပိုင်းသစ်

ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု လွယ်ကူချောမွေ့စွာသွားလာနိုင်ရေး လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များ တိုးချဲ့တည်ဆောက်နေသည်။ ယခင်က ရထားလမ်းမပေါက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ ရထားလမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိသည်။ ကုန်သွယ်စီးပွား ဖွံ့ဖြိုးမှုအထောက်အကူပြု ရထားလမ်းစီမံကိန်းများတွင် မိုင် ၃၂၀ ရှည်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီးသည် တစ်ခုအပါအဝင်ဖြစ်သည်။

ကြံခင်း-ပခုက္ကူရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ယခင်က ပုသိမ်မှ ကြံခင်းအထိသာရှိခဲ့သည့် မီးရထားလမ်းကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းမကြီးအဖြစ် ဖောက်လုပ်လျက်ရှိသည်။ အဆိုပါ ရထားလမ်းမကြီး၏ ပြီးစီးသည့် ရထားလမ်းပိုင်းများကို ဖွင့်လှစ်ပေးနေပြီ။ ဧရာဝတီမြစ်အနောက်ခြမ်းမှ ဒေသခံပြည်သူများ မီးရထားဖြင့် ခရီးသွားနေကြပေပြီ။

ယခုတစ်ဖန် ကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်း၏ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းသစ် အရှည် ၁၉ မိုင်ကျော်ကို ဖေဖော်ဝါရီ ၂၆ ရက်က ဖွင့်လှစ်လိုက်သည်။ ကျန်ရှိနေသည့် ပွင့်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်လျှောက်ပြေးဆွဲနိုင်ပေတော့မည်။ မြစ်ဝကျွန်းပေါ်နှင့် မြေလတ်ပိုင်း ဒေသထွက်ကုန်များ လွယ်ကူစွာ ပို့ဆောင်ရောင်းဝယ် ဖလှယ်နိုင်ကြတော့မည် ဖြစ်သည်။

ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းသစ်သည် တောင်နှင့်မြောက်သွယ်တန်းလျက်ရှိနေသည့် တန့်ကြည့်တောင်ကို အရှေ့မှအနောက် ကန့်လန့်ဖြတ်၍ဖောက်လုပ်ထားခြင်းဖြစ်သည်။ နည်းပညာစိန်ခေါ်မှုတစ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် မြန်မာ့မီးရထားအင်ဂျင်နီယာများ၏ စွမ်းဆောင်မှုရလဒ်ဖြစ်သည်။ ရထားလမ်းပိုင်းတစ်လျှောက် တံတားကြီး၊ တံတားငယ်အစင်း ၅၀ ကျော်ကို တည်ဆောက်ခဲ့ရပြီး ဘူတာစဉ် လေးဘူတာရှိသည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများတွင် စိုက်ပျိုးမြေများ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ ရေ မြေကောင်းမွန်သဖြင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးသီးနှံစုံ ထွက်ကုန်ပေါများသည်။ တောင်တန်း၊ မြစ်ချောင်း သဘာဝအတားအဆီးများကြောင့် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အခြေခံအားနည်းခဲ့သည်။ ကုန်စည်ကူးသန်းဆက်သွယ် ရောင်းဝယ်တင်ပို့ရာတွင် နှောင့်နှေးကြန့်ကြာသည်။

ယနေ့ကာလတွင် ပုသိမ်-မုံရွာ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးခဲ့ပြီ။ ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးထားပြီ။ ရထားလမ်းသစ်ကွန်ရက်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ မကြာမီ ပုသိမ်မြို့မှ ပခုက္ကူမြို့အထိ ခရီးပေါက်သွားလာနိုင်ကြပေမည်။ ဒေသထွက်ကုန်များ အလွယ်တကူ ပို့ဆောင်ရောင်းဝယ်လာနိုင်မှုနှင့်အတူ မြစ်ရောအနောက်ဘက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ဝေစည်လာမည် ဖြစ်ပါသည်။ ။

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေ နိုင်ငံတော်အတွင်း စက်မှုသိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အဓိကလိုအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိယံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးစိုးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့- အဖွဲ့ဝင် ဦးစိုးဦး ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းအောင်၊ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့- အဖွဲ့ဝင် ဦးစိုးဦးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလတွင် နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို ပြည်သူများ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းတည်ဆောက်နေချိန် ဖြစ်ကြောင်း။

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာလာမှုတို့၏ အကျိုးဆက် စွမ်းအားကောင်းများကြောင့် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ဦးတည်ချက်ရှိရှိဖြင့် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၆)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို နေပြည်တော်တွင် ကျင်းပလျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လွှတ်တော် အစည်းအဝေးများကို စနစ်တကျ ကျင်းပဆောင်ရွက်လျက်ရှိနေကြောင်း။

လွှတ်တော် အစည်းအဝေးများတွင် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်ပြီး တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍအလိုက် ရွေးကောက်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းများအား ကိုယ်စားလှယ်တစ်ဦးစီ၏ အမြင်၊ သဘောထားဆန္ဒများအလျောက် နှစ်သက်သလို လွတ်လပ်စွာ အဆိုပြုသူ၊ ထောက်ခံသူများဖြင့် ဒီမိုကရေစီနည်းလမ်းတကျ စနစ်တကျ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေကြရမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ လွှတ်တော်မှ ဖွဲ့စည်းပေးသည့် အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ခြင်းဆိုသည့် အခန်းကဏ္ဍကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အခုကဲ့သို့ ပေါ်ထွန်းလာသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ တည်တံ့ခိုင်မြဲပြီး ပြည်သူလူထု အကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ရေးအတွက် စီးပွားရေး၊ ကူးသန်းဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီး၏ အခြေခံအဆောက်အအုံများ၊ ပတ်ဝန်းကျင် အခြေအနေကောင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဤအခြေအနေကောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်စေရေး အတွက် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းနေသည်သာမက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် အနှောင်အဖွဲ့ကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရှင်သန်နိုင်စေရေးဆိုသည့် ဦးတည်ချက်ဖြင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ခွန်ကိုယ့်အားနှင့် ကြိုးပမ်းတည်ဆောက်နေခြင်းလည်း ဖြစ်ကြောင်း။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် နိုင်ငံတော်အတွင်း စက်မှုသိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းအားများ၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု စွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အဓိကလိုအပ်သကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားများလည်း ထွန်းကားခိုင်မာစေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အမျိုးသား ပညာရည်မြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှု၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများကိုပါ တစ်ပါတည်းဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-
- အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍ ဦးတည်ချက်များ အောင်မြင်ရေးအတွက် အမျိုးသားရေးအသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကြိုးပမ်းသွားကြရန်။
- အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးတွင် အမျိုးသားပညာရေး တာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင်ပြီး မိမိတို့၏ အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရေးအတွက် သင်တန်းကာလ တစ်လျှောက် သင်ကြားပို့ချမှုများကို တက်တက်ကြွကြွ ဆည်းပူးလေ့လာ သွားကြရန်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်)
၈း၀၀	၅။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၈။	(၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၄း၂၀	၃။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၆။	အတီးပြိုင်ပွဲ
၄း၅၅	၇။	ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၂၀	၈။	(၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၅	၉။	"ကြယ်စင်ဥယျာဉ်"
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၃။	ဆိုလိုက်ကြစို့
၇း၀၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၃)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ရယ်စရာဟာသများ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၇)**
	၂၀။	အစီအစဉ်ပြီး၏။

☆ကာကွယ်ရေးမှ

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့် အတူ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အားပေးစကား ပြောကြားကာ တာဝန်ရှိသူတစ်ဦးထံ လက်ထောက် အစုံ ၃၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ရာ ဗိုလ်ချုပ်တင်ငွေက လက်ခံသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးဝါးကုသမှု ခံယူနေကြသည့်လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်(၅၀၀)၌ တက်ရောက်ဆေးဝါးကုသမှု ခံယူနေကြသည့် ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းအား ဝန်ကြီး ဦးဇော်မင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာရှိ ကွန်းချောင်းပေါ်၌ အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက စီမံကိန်း၏ အဓိကလုပ်ငန်းများအနက် ရေလွှဲ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်လုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ရေယူ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေလျှံထိန်းစည်တည် ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွဒ်ယာဒ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို သတ်မှတ်အချိန်ကာလများအတိုင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဖိအားမြင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးကိုအထူးဂရုပြုကြပ်မတ်ဆောင်ရွက်ကြရေးနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် သုံးစွဲကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်ရွက်ရုံမှ နေ၍ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပင်မတမံ တည်ဆောက်ပြီးစီးမှုနှင့် ဖိအားနိမ့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖိအားမြင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းခွင်ကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံအတွင်း စက်အမှတ်(၁)၌ Rotor တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၂)၌ Stator-Coil တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၃)၌ Bottom Ring တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် စက်ရုံအတွင်း စက်မှုလျှပ်စစ် တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ Transformer Yard နှင့် Switch Yard လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းတစ်ခုလုံး၏ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း သန်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး စီရုံ ဒုတိယထပ် အဆောင် (၃)(၄) Gano Excel ခန်းမ၌ မတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ရွှေတောင်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား၊သမီးများအား ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်သဖြင့် ဦးရဲလှမြတ် ဖုန်း -၀၉-၄၉၂၀၄၈၈၈၊ ဦးရဲမြင့် ဖုန်း-၀၉-၇၃၀၃၈၉၂၀နှင့် ဦးတင်ဌေးဦး ဖုန်း-၀၉-၅၀၃၅၈၅၃ တို့ထံ ကြိုတင်အကြောင်းကြားရန်နှင့် ကိုယ်ရေးအထောက်အထားများ ယူဆောင်လာကြရန် မှာကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း အုတ်လမ်းနေ ဒေါ်လွမ်တီ (၈၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာ အထူးအာဟာရအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Shu Ma Nyee Travel & Photography Magazine ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

Photography Magazine အဖြစ် ထုတ်ဝေခဲ့သော ရှုမငြီးမဂ္ဂဇင်း အတွဲ(၂)၊ အမှတ်(၅)ကို ၂၀၁၁ ဖေဖော်ဝါရီလမှစပြီး Travel & Photography Magazine အဖြစ် ပြောင်းလဲထုတ်ဝေကြောင်း၊ ယခင် Photography Magazine မှ Travel ကို ချဲ့ထွင်ထည့်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသွားခြင်းနှင့်ပတ်သက်ပြီး အပန်းဖြေလှေလာစရာဒေသများ၊ မြန်မာ့တိုင်းရင်းသား ယဉ်ကျေးမှုဆိုင်ရာများ၊ လက်မှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ မြန်မာ့အဖိုးတန် သဘာဝ ထွက်ကုန်များ၊ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများ၊ မြန်မာ့ပွဲတော်များ အစရှိသည့် ခရီးသွားနယ်ပယ်အတွင်းရှိ စိတ်ဝင်စားစရာများကို ရှုမငြီးအယ်ဒီတာအဖွဲ့က ကြိုးပမ်းတင်ဆက်ထားသည်။

ဓာတ်ပုံပညာနှင့် ပတ်သက်၍လည်း ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ အကြောင်း၊ ခရီးသွား ဓာတ်ပုံပညာရပ်ဆိုင်ရာများ၊ မှတ်တမ်းဓာတ်ပုံဆိုင်ရာများ၊ Potrait ပညာရပ်ဆိုင်ရာများ၊ ဒစ်ဂျစ်တယ် ဓာတ်ပုံဆိုင်ရာ Software အကြောင်းများ၊ ဓာတ်ပုံပညာရှင်များအကြောင်း၊ နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲများ၊ ဓာတ်ပုံ ပညာရှင်များ၏ ကြည့်ရှုချင်စရာ ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ရှုမငြီးခရီးသွားနှင့် ဓာတ်ပုံမဂ္ဂဇင်းအဖြစ် စတင်ပြောင်းလဲထုတ်ဝေလာသော အတွဲ(၂) အမှတ်(၅) ဖေဖော်ဝါရီလထုတ်တွင် မွေတော်ကက္ကူ၊ မြောက်ဦး၊ မင်းတပ် စသည့်ဒေသများအကြောင်း ဖော်ပြခဲ့သည်။

မတ်လ အတွဲ(၂) အမှတ်(၆)တွင် ရှားပါးမြန်မာ့ သစ်ခွပန်းတစ်မျိုးကို မျက်နှာဖုံးပုံအဖြစ် အသုံးပြုထားပြီး မျက်နှာဖုံးဆောင်းပါးအဖြစ် မြန်မာ့သစ်ခွပန်းအကြောင်းကို ဖော်ပြထားသည့်အပြင် မြန်မာပြည်တွင်း သွားရောက်စရာအဖြစ် ပုဂံ၊ ရွှေစက်တော်နှင့် ပင်းတယ အကြောင်း စိတ်ဝင်စားဖွယ်ဖော်ပြထားသည်။ နိုင်ငံတကာ မြို့တော်ဆိုင်ရာ အခန်းကဏ္ဍတွင် ဗီယက်နမ်မြို့ အကြောင်းကို ရွေးချယ်ထားသည်။

မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ မြန်မာ့ခရီးသွားချင်စရာဒေသ



များအကြောင်းကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားပြီး ရှုမငြီးခရီးသွားနှင့် ဓာတ်ပုံမဂ္ဂဇင်းသည် ခရီးသွားလာခြင်းကို စိတ်ဝင်စားသူများ၊ ဓာတ်ပုံပညာရပ်ကို လေ့လာလိုသူများအတွက် လစဉ်ဖတ်ရှုရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ စာအုပ်ကို စာပေလောက(၅) စာအုပ်ဆိုင် အမှတ်(၁၃၈/၁၄၀) (ပထမထပ်) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်မှ တစ်နိုင်ငံလုံး ဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသော မမြင့်မြတ်မိုမိုအား မြို့နယ်ပညာရေးမှူး ဦးလှရီနှင့် ဇနီး ဒေါ်အေးအေးဆင့်တို့ ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ စာပေဗိမာန်စာမူဆုရ သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ)စာပေ ဒုတိယဆုရ ဒေါက်တာအေးကျော်(ဆေးသုတေသန)ရေးသားသည့် **"ဂလိုဘယ်ဇီဝဆေးသိပ္ပံနှင့် မြန်မာ့ဆေးသုတေသနရေစီးကြောင်း"**စာအုပ်၊ လူငယ်စာပေဒုတိယဆုရ မောင်ခိုင်ခန့် ရေးသားသည့် **"ပန်းခင်းလမ်းပေါ်က လူငယ်ခရီးသည်"**စာအုပ်၊ ကဗျာပေါင်းချုပ်ဒုတိယဆုရ သိပ္ပံစိုးမြင့်နိုင်ရေးသားသည့်**"ညီထွေးလေးတို့ရွှေညာ ကလေးကဗျာများ"** စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ တရားရုံးသို့ ရောက်ရှိလာသော ဒန်နီဖစ်ဇ်ဆိုင်မွန်ကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။

လူသတ်မှုကျူးလွန်သူ ဗြိတိန်နိုင်ငံသား အီရတ်တရားရုံးက ထောင် အနှစ် ၂၀ချ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈

ကန်ထရိုက်တာနှစ်ဦးကို ပစ်သတ်ခဲ့သည့် ဗြိတိသျှနိုင်ငံသားတစ်ဦးကို အီရတ်နိုင်ငံ တရားရုံးတစ်ရုံးက တနင်္လာနေ့တွင် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ဝင်ရောက်သိမ်းပိုက်ခဲ့သည့် ၂၀၀၃ခုနှစ်နောက်ပိုင်း အနောက်နိုင်ငံသားတစ်ဦးကို အီရတ်တရားရုံးတစ်ရုံးက ပထမဆုံးအကြိမ် တရားစီရင်ခြင်းဖြစ်သည်ဟု ဆိုသည်။

အသက် (၃၀) ရှိပြီဖြစ်သည့် ဒန်နီဖစ်ဇ်ဆိုင်မွန်သည် ၂၀၀၉ ခုနှစ်က ၎င်း၏လုပ်ဖော်ကိုင်ဖက် ဗြိတိသျှနှင့် ဩစတြေးလျနိုင်ငံသားကန်ထရိုက်တာနှစ်ဦးကို ပစ်သတ်ခဲ့သည့်အပြင် အီရတ်နိုင်ငံသားအစောင့်တစ်ဦးကိုလည်း ပစ်သတ်ရန် ကြိုးစားခဲ့သည်။

သေဆုံးသူ ကန်ထရိုက်တာနှစ်ဦးတို့သည် ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေ၌ ၎င်းနှင့်အတူတကွ အရက်သောက်နေကြရာမှ ရန်ဖြစ်ခဲ့ကြကြောင်း၊ သေသူနှစ်ဦးက သေနတ်ထုတ်၍ ၎င်းကို ချိန်သဖြင့် ၎င်းကလည်း သေနတ်ထုတ်၍လက်ဦးမှုရယူပစ်ခတ်ခဲ့ကြောင်း တရားရုံး၌ စစ်ဆေးကြားနာစဉ် ဖစ်ဇ်ဆိုင်မွန်က ဖြေကြားခဲ့သည်။

ဖစ်ဇ်ဆိုင်မွန်သည် အခင်းဖြစ်ရာနေရာမှ ဗြိတိသျှသံရုံးသို့ ထွက်ပြေးစဉ် အီရတ်အစောင့်တစ်ဦးက သေနတ်ဖြင့်ချိန် ရပ်တန့်ခိုင်းသဖြင့် ၎င်းအစောင့်ကိုလည်း ပစ်ခတ်ခဲ့ရာ ဝဲဘက်ပေါင်ကို ထိမှန်ခဲ့သည်။ ဖစ်ဇ်ဆိုင်မွန်က ၎င်းသည် ဗြိတိသျှတပ်ဖွဲ့နှင့်အတူ ကိုဆိုဗို၌ တာဝန်ထမ်းဆောင်ပြီးနောက် စိတ်ဝေဒနာခံစားနေရကြောင်း တရားရုံးတွင် ထွက်ဆိုခဲ့သည်။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကျိုးသက်ရောက်သည့် အမေရိကန်နှင့် အီရတ် နှစ်နိုင်ငံသဘောတူစာချုပ်အရ အီရတ်နိုင်ငံအတွင်း ရာဇဝတ်မှုကျူးလွန်သည့် နိုင်ငံခြားသား ကန်ထရိုက်တာများကို အီရတ်အာဏာပိုင်များက တရားစွဲဆိုခွင့်ရှိသည်။ **အေပီ။**

အာကာသအေဂျင်စီလေးခုမှ အာကာသယာဉ်များ နိုင်ငံတကာအာကာသစခန်း၌ တစုတစည်း ဆိုက်ကပ်ခဲ့

ဟူစတန် ဖေဖော်ဝါရီ ၂၈

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)မှ ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)၌ ဖေဖော်ဝါရီ ၂၆ရက်က ဆိုက်ကပ်ခဲ့ရာ **(ယာပုံ)** နိုင်ငံတကာအာကာသစခန်း၌ အာကာသအေဂျင်စီလေးခုမှ အာကာသယာဉ်များ ပထမဆုံးအကြိမ် တစုတစည်းတည်း ဆိုက်ကပ်ထားသည့်နေ့အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ရက်သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ အိုင်အက်စ်အက်စ်၌ နိုင်ငံတကာအာကာသအေဂျင်စီများမှ အာကာသယာဉ်များ အတူတကွ ရှိနေခဲ့သောဖြစ်စဉ်သည် ဖေဖော်ဝါရီ ၂၆ရက် အရှေ့တိုင်းစံတော်ချိန် မွန်းလွဲ ၂နာရီ ၁၆မိနစ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်အက်စ်၌ ဒစ္စကာဗာရီလွန်းပြန်ယာဉ် ဆိုက်ကပ်ချိန်တွင် ရုရှားဆိုယုဇ် အာကာသယာဉ်နှစ်စင်း၊ ဥရောပ၊ ဂျပန်နှင့် ရုရှားနိုင်ငံမှပင်ဖြစ်သော စက်ရုပ်အာကာသကုန်တင်ယာဉ် သုံးစင်းတို့လည်း ဆိုက်ကပ်ထားသည်။

ယင်းသို့ အာကာသအေဂျင်စီအသီးသီးမှ အာကာသယာဉ်များ စုစည်းဆိုက်ကပ်မိ ချိန်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်၏ ဒြပ်ထုမှာပေါင်ချိန် ၁ ဒသမ ၂ သန်းအထိရှိခဲ့ပြီး ဘောလုံးကွင်းတစ်ကွင်းစာမျှ ရှည်လျားခဲ့ကာ အာကာသအတွင်း၌ လူသားများတည်ဆောက်ခဲ့သမျှ အကြီးဆုံးအဆောက်အအုံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းကာလအတွင်း နိုင်ငံတကာအာကာသစခန်းယာဉ် တည်ရှိသည့် နေရာကိုသာ သိရှိခဲ့ပါလျှင် ပကတိမျက်စိဖြင့် လှမ်းတွေ့နိုင်လောက်အောင်ပင် ကြီးမားသည်ဟု ဆိုသည်။

အမေရိကန်ဒေါ်လာ ၁၀၀ဘီလီယံတန်ဖိုးရှိ နိုင်ငံတကာအာကာသစခန်းယာဉ်ကို နိုင်ငံပေါင်း ၁၅ နိုင်ငံစုပေါင်း၍ ၁၉၉၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ယနေ့တိုင်လည်း ဆက်လက်တည်ဆောက်နေဆဲဖြစ်သည်။ **အင်တာနက်။**



မြေအောက်မိုင်းတွင်းများရှိ အဆိပ်သင့်ရေများ ဂျိုဟန်နက်စဘတ်မြို့ကို ခြိမ်းခြောက်နေ

ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၂၈

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့သည် စွန့်ပစ်ထားသော မြေအောက်ရွှေမိုင်းများရှိ အက်စစ်ဓာတ် ပျော်ဝင်မှုနှုန်းများသောရေများ စိမ့်ထွက်လာနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျိုဟန်နက်စဘတ်မြို့တော်မြေအောက်မှ အက်စစ်ပျော်ဝင်မှုနှုန်း များပြားသောရေများသည် လာမည့်နှစ်စောစောပိုင်းတွင် စိမ့်ထွက်လာနိုင်ကြောင်း တောင်အာဖရိကနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့တော် မြေအောက်မိုင်းတွင်းတစ်ခု၌ အက်စစ်ဓာတ်ပျော်ဝင်မှုများသော ရေများ ထွက်ပေါ်နေသည်ကို တွေ့ရစဉ်။

ရေစုပ်ပန့်များနှင့် စောင့်ကြည့်ရေးစခန်းများကို အချိန်မဆိုင်း တည်ဆောက်တပ်ဆင်ထားရန် ရေအရင်းအမြစ်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် တိုက်တွန်းဖော်ပြထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကပင် တူးဖော်ခဲ့ကြသည့် ကီလိုမီတာရာပေါင်းများစွာ ရှည်လျားသော မြေအောက်မိုင်းတွင်းများသည် ဂျိုဟန်နက်စဘတ်မြို့တော်မြေအောက်၌ တည်ရှိနေကြပြီး ယင်းမိုင်းတွင်းများအတွင်း အဆိပ်သင့်ရေများ တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။

ယင်းကဲ့သို့ မြေအောက်မိုင်းတွင်းများအတွင်း အဆိပ်သင့်ရေများ ဆက်လက်မြင့်တက်လာပါက ဂျိုဟန်နက်စဘတ်မြို့တော်ရှိ ဂိုးရိဖ်စီးတီး အပန်းဖြေဥယျာဉ်ဒေသ မြေနိမ့်ပိုင်းများ၌ စတင်စိမ့်ထွက်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူတို့က ခန့်မှန်းထားသည်။

ဂိုးရိဖ်အပန်းဖြေဥယျာဉ်ကို ရွှေသတ္တုတူးဖော်သော မိုင်းတွင်းဟောင်းတစ်ခုပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ **အင်တာနက်။**

ဘိုလီးဗီးယားနိုင်ငံ၌ တောင်ပြိုမှုကြောင့် နေအိမ်အနည်းဆုံး ၄၀၀ပျက်စီး

လာပက်ဇ် ဖေဖော်ဝါရီ ၂၈

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘိုလီးဗီးယားနိုင်ငံ လာပက်ဇ်မြို့တော် ဆင်းရဲသားရပ်ကွက်တစ်ခု၌ ဖေဖော်ဝါရီ ၂၇ရက်က တောင်ပြိုမှုဖြစ်ပွားခဲ့ရာ လူနေအိမ် အနည်းဆုံး ၄၀၀ ပျက်စီးခဲ့ရပြီး ယင်းနေအိမ်များ၌ နေထိုင်သူများ၏ ပစ္စည်းဥစ္စာများလည်း ရွှံ့နှင့်အပျက်အစီးများအောက် ရောက်ခဲ့ကြောင်း သိရသည်။

တောင်ပြိုမှုသည် မြို့တော်၏ ကယ်လ်လာပါရပ်ကွက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအသေအပျောက် မရှိခဲ့သော်လည်း အပျက်အစီးပမာဏကြီးမားကြောင်း လာပက်ဇ်မြို့တော်ဝန် လူးဝစ်ရီဗီလာက ပြောကြားခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြိုကျမှုမဖြစ်ပေါ်ခင် ဖေဖော်ဝါရီ ၂၆ရက်ကပင် ရပ်ကွက်သူ၊ ရပ်ကွက်သားများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဘိုလီးဗီးယားရဲတပ်ဖွဲ့က တောင်ပြိုကျရာနေရာကို အန္တရာယ်ဇုန်အဖြစ်သတ်မှတ်၍ အသွားအလာ ပိတ်ဆို့ထားသည်။ **အေပီ။**

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု တရုတ်နိုင်ငံ၏ဖွံ့ဖြိုးမှုကို ခြိမ်းခြောက်နေ

ပေကျင်း ဖေဖော်ဝါရီ ၂၈

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းနှင့် သယံဇာတအရင်းအမြစ်များကို ရသလောက် ထုတ်ယူသုံးစွဲနေရခြင်းကြောင့် တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါပြဿနာများကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ခြင်းမရှိပါက တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ထိခိုက်စေမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ကျို့ရှန်ရှင်းက အလေးအနက်သတိပေးသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဆက်စပ်၍ ပြည်သူ့ကျန်းမာရေးသတိပေးချက်များ ထပ်မံပေါ်ပေါက်ဦးမည်ဆိုပါက တရုတ်အစိုးရ၏ အဓိကတာဝန်ဖြစ်သော နိုင်ငံ၏လူမှုတည်ငြိမ်ရေးကို အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကျို့ရှန်ရှင်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ နှစ်ထောင်ပေါင်းများစွာ ကြာရှည်ခဲ့ပြီဖြစ်သော မြို့ပြယဉ်ကျေးမှုခေတ်များတစ်လျှောက် လူသားနှင့် သဘာဝတရားအကြား ပဋိပက္ခများရှိခဲ့သော်လည်း ယနေ့ ကာလ အခြေအနေသည် အဆိုးရွားဆုံးဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဆယ်စုနှစ်သုံးခုကြာမျှ စီးပွားရေးဆက်တိုက်ဖွံ့ဖြိုးခဲ့သော်လည်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများကြောင့် ရေထုနှင့် လေထုအရည်အသွေး အနိမ့်ကျဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်လာပြီ ဖြစ်သည်။

၎င်းသည် ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း တရုတ်နိုင်ငံက ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ထုတ်ဖော်ဝန်ခံခဲ့သည်။ **အေအက်ဖ်ပီ။**

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ပင်မစခန်း အဆင့်(၇)ဆင့်ဖြင့် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေ၊ စိုက်ပျိုးသီးနှံမျိုးများအလိုက် ရေလိုအပ်ချက်များ၊ ၂၀၁၀-၂၀၁၁ ခုနှစ် ဆောင်းသီးနှံများနှင့် နွေသီးနှံများ စိုက်ပျိုးရေပေးဝေနိုင်မည့် လျာထားချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ရေလိုအပ်ချက်နည်းပြီး ဖြစ်ထွန်းအောင်မြင်မှုရှိသည့် စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံများ ရွေးချယ်စိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဧရာဝတီမြစ်၏ ရေစီးရေလာအခြေအနေ၊ လျှပ်စစ်ရေတင်စက်ကြီးများဖြင့် ရေစုပ်တင်နေမှု၊ ရေပေးပင်မတူးမြောင်းမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်ဖြင့် တောင်သူ ဦးအောင်မင်း စိုက်ပျိုးထားသော မြေပဲနှင့်နေကြာစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ညောင်ဦးမြို့နယ် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဘတ်စကက်ဘောကွင်း၌ ကျင်းပသော ၂၀၁၁ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင်ပထမရရှိသွားသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗိုလ်လုပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက ၈၅ မှတ် ၅၂မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က တတိယဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ပထမဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံးခံစစ်ဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ စိုင်းခွန်စိုင်းအား လည်းကောင်း၊ အကောင်းဆုံး ပြန်ကျဘောဖမ်းဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ကျော်ဇင်ထွန်း အားလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အထူးချွန်ဆုံး အားကစားသမားဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းမှ စန်းယုအောင်အား လည်းကောင်း အကောင်းဆုံးဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက အသန့်ရှင်းဆုံးဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုငွေသားဆုကို လည်းကောင်း၊ စတုတ္ထဆုရ အားကစားဝန်ကြီးဌာနအသင်း၊ တတိယဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့အား ဂုဏ်ပြု ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၂၁) ကို မတ် ၁ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Star Movies ရုပ်သံလိုင်း၌ကြည့်ရှုရမည့် Red Water, Born To Rise Hell, Into The Sun,Blood Creek, Baaria,The Hard Corps, The Fourth Kind, Shrink, Day Breakers,Weather Girl, Sunshine Cleaning, Everybody's Fine,Main Street စသည့် စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၊ Channel V ရုပ်သံလိုင်းတွင်ကြည့်ရမည့် ဂီတအစီအစဉ်များ၊ TLC ရုပ်သံလိုင်းတွင်ကြည့်ရမည့် Take Home Handyman Special အစီအစဉ်နှင့် တောတောင် သဘာဝများအား တစ်ထိုင်တည်းရှုစားနိုင်မည့် World's Best Places To Get Wet & Wild အစီအစဉ်အပါအဝင် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ Discovery ရုပ်သံလိုင်းတွင် လူသားများ၏ စိတ်ပိုင်းဆိုင်ရာစွမ်းအင်အကြောင်းပြသမည့် Deception With Keith Barry၊ အပြင်းထန်ဆုံး မုန်တိုင်းများနှင့် ရင်ဆိုင်ကြရပုံများအားကြည့်ရမည့် Storm Chasers အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် တိရစ္ဆာန်များနှင့် စွန့်စားခန်းများအားပြသမည့် Wild Recon Alien Invasion အစီအစဉ်နှင့် ပိုလာဝက်ဝံများအကြောင်း ကြည့်ရှုရမည့် Polar Bears Living On Thin Ice အစီအစဉ်၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ်၏ အဖြစ်ဆိုးအကြောင်းကြည့်ရှုရမည့် Second From Disaster အစီအစဉ်နှင့် အခြားအစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် In't Women's Day Special, Search For The First Dog, Predator CSI,Secret of The King Cobra,Lions Behaving Badly,The Red Monkey of The Zanzibar စသည့်အစီအစဉ်များ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Barclays Premier League နှင့် FA Cup ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max, 5 Movie, 5 Series, 5 Series II, 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ Mandalay FM တွင်နားဆင်ရမည့် 'ဂီတစက်ဝန်း-လေးလေးဝါး'၊ တောင်းလိုက်ကြတဲ့သီချင်းတွေ အစီအစဉ်သစ်များအကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မကြာမီပြသမည့် 'ထူးခြားသောမိသားစု' ကိုရီးယားဇာတ်လမ်းတွဲသစ်၊ MRTV-4 ရုပ်သံလိုင်း၌ မတ် ၁၅ ရက်တွင် စတင်ပြသမည့် 'အနားမညီအချစ်' ကိုရီးယားဇာတ်လမ်းတွဲသစ်အကြောင်း၊ MRTV-4 ၏ ဆက်စပ် ရုပ်သံလိုင်းများဖြစ်သည့် For Info,For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာအစီအစဉ်များအပြင် မြဝတီ ရုပ်သံလိုင်း၏ ၁၅ ရက်စာအစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850, 391186)သို့ မှာယူနိုင်သည်ဟု သိရသည်။

(သတင်းစဉ်)

တောင်သူလယ်သမားနေ့တွင် လော်ကားဥယျာဉ် အချိန်တိုးဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဦးပု-ဒေါ်နုတို့အား ရည်စူး၍ ဘူတာလမ်း ဘုရားကြီးမြို့ ပဲခူးမြို့နယ်နေ ဒေါ်ထွေးတင်နှင့်တူမ ဒေါ်ဌေးဌေးသန်း၊ တူ၊ တူမ၊ မြေး တစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသည့် သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီတစ်ခန်းနှင့် သံဃာရေချိုးခန်းတစ်ခန်းတို့အတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ် နှင့် ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** မြိတ်မြို့တွင် ၂ ဒသမ ၁၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သက်ရှိလောက တည်မြဲဖို့

သဘာဝတောတွေထိန်းသိမ်းစို့

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားမှု၏ အခြေခံဖြစ်သည်

ကျော်ရဲမင်း

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံထားတဲ့ စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံ့သမိုင်းတစ်လျှောက် ဘိုးဘေးဘီဘင် အဆက်ဆက် လက်ထက်ကတည်းက လယ်ယာစိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံဖြစ်ခဲ့တဲ့ အပြင် ယနေ့အခါမှာလည်း တစ်နိုင်ငံလုံး အလုပ်လုပ်သူဦးရေရဲ့ အများစု ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်များချမှတ်ရာမှာ စိုက်ပျိုးရေးကို အခြေခံ၍ "အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဆိုတဲ့ ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးအတွက် ရည်မှန်းချက်ထားပြီး အမျိုးသား စီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက် ရှိရာမှာ နိုင်ငံတော်ရဲ့ ရေ၊ မြေ၊ သဘာဝ သယံဇာတစွမ်းအားများကို ဖော်ထုတ်မြှင့်တင်ပြီး စိုက်ပျိုးမြေတိုးချဲ့ရေးနဲ့ သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့အတွက် အားထုတ်ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိတာကို တွေ့နိုင်ပါတယ်။

စိုက်ပျိုးမြေတိုးချဲ့ရေးနဲ့ပတ်သက်ပြီး လေ့လာကြည့်ရင် ၁၉၈၈ ခုနှစ် မတိုင်ခင်က မြန်မာနိုင်ငံရဲ့ စပါးစိုက်ဧကဟာ ၁၁သန်းကျော်သာ ရှိခဲ့ပြီး အသုံးမချနိုင်သေးတဲ့ မြေလွတ်မြေရိုင်း ဧက ၂၆သန်းကျော် ရှိခဲ့တာကို တွေ့ရပါတယ်။ ယခုအခါမှာ စပါးစိုက်ဧကအနေနဲ့ မိုးစပါးဧက ၁၆သန်း ကျော်နဲ့ နွေစပါးဧက သုံးသန်းကျော်အထိ တိုးတက်လာအောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ ဆည်တမံတွေ၊ ရေထိန်းတံခါးတွေ၊ မြစ်ရေတင်လုပ်ငန်း တွေ၊ မြေအောက်ရေတွင်းတွေ တိုးတက်ဖော်ဆောင်နိုင်ခဲ့မှုကြောင့် ယခင်က စိုက်ပျိုးမြေစုစုပေါင်းဧက ၂၃ ဒသမ ၈ သန်းကျော်သာရှိခဲ့ရာကနေ ယခုအခါ မှာ စိုက်ပျိုးမြေဧကပေါင်း ၅၇သန်းကျော်အထိ တိုးတက်လာခဲ့ပါတယ်။ အဲဒီ အထဲမှာ ယခင်က လုံးဝအသုံးမချနိုင်ခဲ့တဲ့ မြေလွတ်မြေရိုင်း ဧက ၂၆ သန်း ကျော်အနက်ကနေ စိုက်ပျိုးမြေအဖြစ် ဧက ၁၁ ဒသမ ၇သန်း ဖော်ထုတ်ပေး နိုင်ခဲ့တာလည်း အပါအဝင်ဖြစ်ပါတယ်။

သီးနှံစိုက်စွမ်းအားတိုးတက်ရေးအပိုင်းကို ကြည့်ပြန်ရင်လည်း ယခင်က ဆည်တာတမံ ၁၃၈ ခုသာ ရှိခဲ့ရာကနေ တည်ဆဲအစိုးရလက်ထက်မှာ ဆည်တမံနဲ့ ရေထိန်းတံခါး ၂၃၃ ခု ထပ်မံတည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ဆည်ရေသောက်ဧကဟာ ၂ ဒသမ ၈ သန်းကျော်အထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဆည်တာတမံ တည်ဆောက်ပေးဖို့ ခက်ခဲတဲ့ဒေသတွေမှာ မြစ်ရေတင်လုပ်ငန်း ၃၂၇ခုနဲ့ မြေအောက်ရေရရှိရေးအတွက် ရေတွင်းပေါင်း ၈၁၆၂တွင်းကို ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒီလိုစိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဖော်ဆောင်ပေးနိုင်ခဲ့လို့ သီးနှံများကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စွမ်းအားရှိသလောက် စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံစိုက်စွမ်းအား တစ်ဟုန်ထိုး မြင့်မားလာခဲ့ပါတယ်။

တောင်သူလယ်သမားတွေဟာ ယခင်က များသောအားဖြင့် မိုးစပါး တစ်သီးတည်းကိုသာ အစဉ်အဆက် စိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ နှစ်သီးစိုက်နိုင်တဲ့ လယ်ဆိုတာ အင်မတန်နည်းပါးတဲ့ ပမာဏပဲရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ တစ်သီးသာစိုက်တဲ့လယ်ဆိုတာ မရှိသလောက်နည်းပါးသွားပြီး များသော အားဖြင့် နှစ်သီးသုံးသီး စိုက်ပျိုးနိုင်ကြပြီဖြစ်သလို သီးထပ်သီးညှပ် စိုက်ပျိုး နည်းများကိုပါ တွဲဖက်လာနိုင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ၁၉၈၈ ခုနှစ် မတိုင်မီက စပါးတင်းသန်းပေါင်း ၆၃၀ ဝန်းကျင်သာ ထွက်ရှိခဲ့ရာကနေ ယခု အခါမှာ စပါးတင်းသန်းပေါင်း ၁၅၆၀ ကျော်အထိ တိုးတက်ထွက်ရှိလာခဲ့တာ ကို အထင်အရှားတွေ့ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အခုဆိုရင် ဆန် စပါးထုတ်လုပ်မှုမြင့်မားတဲ့ နိုင်ငံအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တဲ့အပြင် ပဲမျိုးစုံထုတ်လုပ်မှုနဲ့ပတ်သက်ရင်လည်း အရှေ့တောင်အာရှဒေသအတွင်းမှာ ဦးဆောင်နိုင်ငံဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ဒ့ါအပြင် အခြားသီးနှံမျိုးစုံကိုလည်း ယခင့်ယခင်ကထက် အဆပေါင်းများစွာ ပိုမိုထွက်ရှိလာအောင် မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အခုအချိန်မှာ နိုင်ငံသားအားလုံးစားသုံးဖို့ ဆန်စပါး ဖူလုံလောက်ငရုံ သာမက နောင်တိုးတက်လာဦးမယ့် လူဦးရေအတွက်ပါ လုံလောက်နေပြီဖြစ် ပါတယ်။ အလားတူ အခြားအဓိကသီးနှံများဖြစ်တဲ့ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါနဲ့ ချက်ကြံ သီးနှံတွေဟာလည်း ဆိုင်ရာဒေသများအလိုက် စိုက်ပျိုးဖြစ်ထွန်း အောင်မြင် လျက်ရှိကြပါတယ်။ ကိန်းဂဏန်းနဲ့ဖော်ပြရရင် တစ်နိုင်ငံလုံး အသားတင် စိုက်ဧက ၃၃သန်းကျော်ရှိနေပြီး သီးနှံစိုက်စွမ်းအားမှာ ၁၇၀ကျော် ရာခိုင်နှုန်း အထိ မြင့်မားလျက်ရှိကြောင်း သိရပါတယ်။ ဒီတိုးတက်မှုတွေက ကျွန်တော်တို့ နိုင်ငံဟာ လယ်ယာစီးပွားကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ် အဆင့်ဆင့် တက်လှမ်းသွားနိုင်ဖို့အတွက် စိုက်ပျိုးရေးအခြေခံကောင်းတွေကို ပိုင်ဆိုင်နေပြီ ဖြစ်ကြောင်း ဖော်ညွှန်းနေပါတယ်။

ဒီလိုတိုးတက်ဖြစ်ထွန်းမှုတွေကို ပိုင်ဆိုင်နိုင်ဖို့အတွက် နိုင်ငံတော်အပိုင်း ကလည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေရေး အတွက် စိုက်ပျိုးမြေဧက တိုးတက်အောင်၊ စိုက်ပျိုးရေ အလုံလောက်ရရှိ အောင် အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်ပေးတဲ့အပြင် သီးနှံအထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာတွေ ပြန့်ပွားလာအောင်၊ မျိုးကောင်းမျိုးသန့်တွေ အသုံးပြုစိုက်ပျိုးနိုင်အောင်၊ ဓာတ်မြေဩဇာ အသုံးပြု နိုင်အောင်လည်း အဘက်ဘက်က အားပေးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါအပြင် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်အောင် စီမံဆောင်ရွက်ပေးခြင်း၊ အဓိက သီးနှံ (၁၀)မျိုးသတ်မှတ်ပြီး အောင်အောင်မြင်မြင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါတွေဟာ နိုင်ငံတော် က စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေး ရည်မှန်းဆောင်ရွက်ပေးတာဖြစ်သလို လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားထုတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ အခြေမြင့်တက်လာရေးအတွက်လည်း ကျွဲကူးရေပါ မြှင့်တင် ဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံ တော်သစ်ကိုတည်ဆောက်ရာမှာ အဓိက လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ မြင့်မားလာမှသာလျှင် တစ်မျိုးသားလုံးရဲ့ စီးပွားရေးဘဝ စတင်ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် တစ်ဖက်က စိုက်ပျိုးမြေတိုးချဲ့ရေးနဲ့ သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို အားထုတ်ကြိုးပမ်းဖော်ဆောင်ပေးခဲ့သလို အခြားတစ်ဖက်ကလည်း တောင်သူလယ်သမားများနေထိုင်ရာ ကျေးလက် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ကိုချမှတ်ပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေနဲ့ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာ ရေးစောင့်ရှောက်မှုမြှင့်တင်ရေးနဲ့ ကျေးလက်စီးပွားတိုးတက်ကောင်းမွန်ရေးစတဲ့ လုပ်ငန်းစဉ်(၅)ရပ်ကို အစဉ်တစိုက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ ထပ်တိုးလုပ်ငန်းစဉ် (၂)ရပ်အဖြစ် ကျေးရွာစာကြည့်တိုက်များထူထောင်ရေးနဲ့ ကျေးလက်မီးလင်းရေး လုပ်ငန်းစဉ် များအထိပါ တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍဟာ အချိန်တိုအတွင်း သိသိ သာသာ တိုးတက်ပြီး ကြီးမားကျယ်ပြန့်လာတာနဲ့အညီ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကိုကူးပြောင်းဖို့ မလွဲမသွေလိုအပ်လာခဲ့ပါတယ်။ ဒါကြောင့် လည်း နိုင်ငံတော်အပိုင်းကရော ပုဂ္ဂလိကအပိုင်းကပါ လယ်ယာသုံး စက်ကိရိယာများ တိုးမြှင့်ထုတ်လုပ်ပြီး တောင်သူလယ်သမားများ အသုံးပြု စိုက်ပျိုးထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက် စသဖြင့် စက်ကိရိယာများသုံးစွဲပြီး ခေတ်မီအဆင့်မြင့်စွာ စိုက်ပျိုးထုတ်လုပ်လာနိုင်ကြတဲ့ အတွက် အချိန်၊ လုပ်အား၊ စရိတ် အဘက်ဘက်က သက်သာလွယ်ကူလျင်မြန် ပြီး တောင်သူလယ်သမားတိုင်း အကျိုးထူးကို ခံစားနေကြရပြီဖြစ်ပါတယ်။

အတိတ်ကိုပြန်ကြည့်ရင် ကိုလိုနီခေတ်သူ့ကျွန်ဘဝတုန်းက လယ်သမားဘဝ ဟာ နင်းပြားစစ်စစ် ဖြစ်ခဲ့ပါတယ်။ နယ်ချဲ့အစိုးရက တောင်သူလယ်သမားများ အပေါ် အခွန်မျိုးစုံနဲ့ နာလန်မထူနိုင်အောင် ဖိနှိပ်ထားတဲ့အပြင် မြေရှင် ချစ်တီးလူတန်းစားရဲ့ နည်းလမ်းမျိုးစုံနဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်မှုအောက်မှာ ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ်ဘဝကို ရောက်ခဲ့ရပါတယ်။ ကျွန်စုပ်တဲ့သရက်စေ့ လောက်တောင်မှ မပြောင်ရောင်နိုင်ဘဲ မွဲတေသွေးပျက် ဆင်းရဲတွင်းနက်ခဲ့ရပါ တယ်။ တောင်သူလယ်သမားဘဝ ဆင်းရဲနွံ့ချာခဲ့သလို သူတို့နေထိုင်ရာ ကျေးလက်တောရွာများဟာလည်း ကျိုးနဲ့ဖုတ်ဖုတ် အနေစုတ်ခဲ့ရပါတယ်။ အဲဒီတုန်းကဘဝ၊ အဲဒီတုန်းက အခြေအနေတွေဟာ ဒီနေ့ဒီအချိန်မှာ စိတ်ကူး နဲ့တောင် ပြန်မတွေးချင်လောက်အောင် ရင်နာကြေကွဲဖွယ်အတိ ပြည့်နှက် နေခဲ့မှာ အမှန်ပါပဲ။

ဒီနေ့အခြေအနေမှာတော့ အားလုံးဟာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲကုန်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ ပံ့ပိုးမှု၊ တောင်သူလယ်သမားများရဲ့ အသိဉာဏ်ပညာ ပွင့်လင်းမှု၊ စိုက်ပျိုးရေ၊ စိုက်ပျိုးမြေ၊ စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးကိရိယာစသဖြင့် အဘက်ဘက်က တိုးတက်ဖြစ်ထွန်းလာမှု စတဲ့ အခြေခံတွေကြောင့် ဒီနေ့ တောင်သူလယ်သမားတွေရဲ့ ဘဝအခြေဟာ အဘက်ဘက်က မြင့်မားတိုးတက်လာခဲ့ပါပြီ။ နှစ်သီးစား၊ သုံးသီးစား အပြင် သီးထပ်သီးညှပ်တွေပါစိုက်နိုင်ပြီး လုပ်နိုင်ရင် လုပ်နိုင်သလောက် အကျိုးရှိနေ ပြီ ဖြစ်တဲ့အတွက် လယ်သမားအများစုမှာ ငွေပိုငွေလျှံလေးတွေ ပိုင်ဆိုင် လာနိုင်ကြပါပြီ။ တစ်ဖက်ကလည်း လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်စသဖြင့် လယ်ယာသုံးစက်မှုကိရိယာလေးတွေလည်း ကိုယ်စီနီးပါး ပိုင်ဆိုင်လာနိုင်ကြပါပြီ။ တောင်သူလယ်သမား သားသမီးတွေ လည်း ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ကြပြီး ကျေးလက်မှာ ဘွဲ့ရ ပညာတတ်တွေ မှိုလိုပေါက်တဲ့ခေတ်ကို ရောက်နေပါပြီ။ ကျေးရွာတွေဆိုရင် လည်း လမ်းပန်းဆက်သွယ်ရေးကောင်း၊ ရေကောင်းရေသန့်ပေါ၊ လျှပ်စစ်မီး တွေလင်း၊ ကျေးရွာစာကြည့်တိုက်ကိုယ်စီဖွင့်၊ သွပ်မိုးဖွေးဖွေး တိုက်အိမ်၊ ပျဉ်ထောင်အိမ်ကိုယ်စီနဲ့ တကယ့်ကို စည်ပင်တဲ့အဆင့်တစ်ခုကို ရောက်နေပါ ပြီ။ အိမ်တိုင်းမှာလည်း ဆိုင်ကယ်၊ ရုပ်မြင်သံကြားစက်၊ အပေါ်စက်၊ အောက်စက်တွေနဲ့ တယ်လီဖုန်းတွေနဲ့ မြင့်မားတိုးတက်တဲ့ လူမှုစီးပွားဘဝ တစ်ခုကို ပိုင်ဆိုင်နိုင်ကြပြီ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေတဲ့ ကျေးလက်ဒေသရှုခင်းဟာ ယနေ့မြန်မာ့ရှုခင်းကို ကိုယ်စားပြုနိုင်နေပြီ ဖြစ်ပါတယ်။

ယခုဆိုရင် နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော် အစည်းအဝေးများကိုကျင်းပပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ခရီးဆက်နေပြီဖြစ်ပါတယ်။ အနာဂတ်မှာ လည်း နိုင်ငံတော်ရဲ့ အဓိကအင်အားစုဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ ဘဝကို မြင့်သထက်မြင့်အောင်မြှင့်တင်နိုင်ဖို့ စီမံဆောင်ရွက်သွားမှာ အသေအချာ ပါပဲ။ အဓိကအားဖြင့် **"လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိစေရမည်"** ဆိုတဲ့ အချက်ကို အခြေခံဖော်ဆောင်မှာဖြစ်တဲ့အပြင် တောင်သူလယ်သမားများရဲ့ လယ်ယာလုပ်ပိုင်ခွင့်နဲ့ အကျိုးခံစားခွင့်ကို ဥပဒေနဲ့အညီ အာမခံသွားမှာဖြစ်ပါ တယ်။ တစ်ဖက်ကလည်း တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံတွေကို သင့်လျော်တဲ့ဈေးနှုန်းနဲ့ သင့်တင့်မျှတတဲ့ အကျိုး အမြတ်ရရှိစေအောင် ဈေးကွက်စီးပွားရေးစနစ်နဲ့ ညီညွတ်တဲ့စနစ် တစ်ခုရှိ လာအောင် စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမား များရဲ့ လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရေးနဲ့ စိုက်ပျိုးရေးစနစ် ခေတ်မီ တိုးတက်ရေးကိုလည်း ဘက်စုံ အားပေးကူညီသွားမှာဖြစ်ပါတယ်။ အလားတူ စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးကောင်းမျိုးသန့်စတဲ့ သွင်း အားစုတွေရရှိနိုင်ရေးကိုလည်း ကူညီပံ့ပိုးသွားနိုင်ဖို့ ရည်မှန်းဆောင်ရွက်နေပါ တယ်။

တောင်သူလယ်သမားများအနေနဲ့ တိုင်းပြည်အတွက် လိုအပ်တဲ့အခြေခံ သီးနှံနဲ့ အခြားသင့်လျော်ရာသီးနှံများ၊ ဈေးကွက်ဝင်အမယ်သစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်အောင် အားပေးကူညီသွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိက စက်မှုလယ်ယာများ ထွန်းကားရေး၊ နှစ်ရှည်ပင်စိုက်ပျိုးမှုများ ကျယ်ပြန့် လာစေရေးအတွက် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးမှုများလည်း ရှိလာမှာဖြစ်ပါတယ်။ ချုပ်ပြီး ပြောရရင် ကျေးလက်ဒေသများမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က တိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်သလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၇)ရပ်ကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုချိန်မှာ အချို့သောပါတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက "လယ် လုပ်သူလယ်ပိုင်ခွင့်" ဆိုပြီး ကြွေးကြော်လာကြတာ တွေ့နေရပါတယ်။ တကယ်တော့ လယ်လုပ်သူလယ်ပိုင်ခွင့်ဆိုတာ အပေါ်ယံနားထောင်ကောင်း ပေမယ့် ရေရှည်မှာ တောင်သူလယ်သမားတွေ အတိဒုက္ခရောက်မယ့်ကိစ္စသာ ဖြစ်ပါတယ်။ အကယ်၍သာ လယ်လုပ်သူကို လယ်ယာမြေ ပိုင်ဆိုင်ခွင့်ပြု ခဲ့ရင် နောင်ကာလကြာလာတဲ့အခါ အဲဒီလယ်ယာမြေတွေဟာ ငွေကြေး ချမ်းသာတဲ့ မြေပိုင်ရှင်၊ လုပ်ငန်းရှင်ကြီးတွေလက်ထဲ တဖြည်းဖြည်းချင်း ရောက်သွားပြီး မြေရှင်ကြီးစနစ် ပြန်လည်ပေါ်ပေါက်လာမှာ မုချပါပဲ။ အဲဒီ အခါ တကယ်လယ်လုပ်တဲ့ ဆင်းရဲသားတောင်သူလယ်သမားတွေဟာ မြေမဲ့ ယာမဲ့ဘဝရောက်သွားပြီး အရင်ကိုလိုနီခေတ်တုန်းကလို ချစ်တီးရဲ့ သူရင်းငှား ဘဝနဲ့ အပူလုံးကြွ လူလုံးမလှတဲ့အဖြစ်ကို မလွဲမသွေ ပြန်ရောက်သွားပါ လိမ့်မယ်။ ဘိုးဘေးတွေခေတ် ကိုလိုနီဘဝတုန်းက လယ်လုပ်သူ လယ်ပိုင်ခွင့် ပေးခဲ့တာကြောင့် နောက်ဆုံးမှာ မြေပိုင်ရှင်အားလုံးဟာ ချစ်တီးတွေချည်းပဲ ဖြစ်လာပြီး ကျွန်တော်တို့ ဘိုးဘေးကျောမွဲလယ်သမားတွေကတော့ မြေမဲ့ယာမဲ့ သူရင်းငှားဘဝနဲ့ ချစ်တီးတွေ ခြယ်လှယ်သွေးစုပ်သမျှ ကျောကော့အောင် ခါးစည်းခံခဲ့ကြရတဲ့ သမိုင်းသင်ခန်းစာကို မေ့မပစ်သင့်ပါဘူး။ ဒါကြောင့် "လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်" မူဝါဒသည်သာ တောင်သူလယ်သမားများရဲ့ ထာဝရ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရမယ်ဆိုရင် တောင်သူလယ်သမားများဟာ နိုင်ငံတော် ရဲ့ ကျေးဇူးရှင်ဖြစ်သလို အဓိကအင်အားစုတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်မှုကို အခြေခံပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မား လာအောင် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမား များကိုယ်တိုင်ကလည်း အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလာတဲ့ အခြေ အနေကောင်းတွေ၊ အခွင့်အလမ်းကောင်းတွေပေါ်မှာ မိမိတို့ရဲ့ ကာယ ဉာဏလုပ်အားနဲ့ပေါင်းစပ်ပြီး ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ် စိုက်ပျိုး ထုတ်လုပ်ကြခြင်းအားဖြင့် မိမိတို့ရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုကို မြှင့်တင်ဖော်ဆောင်ရင်း နိုင်ငံတော်သစ်တည်ဆောက်ရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် တာဝန်ကျေပွန်စွာ လက်တွဲပါဝင်သင့်ကြပါကြောင်းနှင့် တောင်သူလယ်သမားကြီးများအားလုံး စိုက်ရေးပျိုးတာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်းဆန္ဒပြုရင်း ၂၀၁၁ ခုနှစ် တောင်သူ လယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတယ်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော မုံးစီးကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မုံးစီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မုံးစီးတိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံးစီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက်အနီးရှိ မုံးစီးရေကန် သန့်ရှင်းသာယာလှပစေရေးတွက် ဆောင်ရွက်ရမည့် အခြေအနေများ၊ တာမိုးညဲ-မုံးစီး-တာပါး လမ်းတစ်လျှောက် လမ်းတိုးချဲ့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လောက်ကိုင်-ကုန်းကြမ်း-မော်ထိုက်လမ်းအပိုင်း လမ်းဖောက်လုပ်ရေးစီမံကိန်းလမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်မှူးသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ကွမ်းလုံမြို့နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိရစ္ဆာန်ကာကွယ်ထိန်းချုပ်ရေး သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိန်စိန်ကြီးက သင်တန်းပို့ချကြောင်းသိရသည်။ **(အပေါ်ပုံ)** (မြို့နယ်မွေး/ကု)

ချောင်းသာကမ်းခြေပျော်ပွဲ ရှင်ပွဲနှင့် စျေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်အတွင်းရှိ ချောင်းသာကမ်းခြေတွင် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်)က ပထမအကြိမ် ချောင်းသာကမ်းခြေ နိဗ္ဗာန်စျေးပွဲတော်၊ ပျော်ပွဲရှင်ပွဲနှင့် စျေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၅ရက် ညနေက ကျင်းပသည်။

အစီအစဉ်အရ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမင်းကျော်ဦးက ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ကြည်၊ ချောင်းသာဇုန်အတွင်းရေးမှူး ဦးမောင်မောင်ထွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဒေသခံများ၊ ချောင်းသာကမ်းခြေရောက် ဧည့်သည်များက ဟိုတယ်အလိုက် ဧည့်ခံသော နိဗ္ဗာန်စျေး(စတုဒိသာ) အကျွေးအမွေးများကို လိုက်လံအားပေးကြသည်။

ယင်းနောက် ခတ်ပုံရိုက်ပြိုင်ပွဲ၊ သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲတို့မှ ဆုရသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးခဲ့သည်။

ပွဲတော်ကျင်းပသည့် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ရက်အတွင်း ရိုးရာအားကစားပြိုင်ပွဲများ၊ နာမည်ကြီးအဆိုတော်များ၊ အငြိမ့်/အကအဖွဲ့တို့ဖြေဖျော်ပြီး ဒေသထွက်ကုန် အရောင်းဆိုင် ၇၀ ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၁ခုနှစ် မတ်လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုးအခြေအနေ

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၈ရက်မှ ၁၀ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၅ရက်မှ ၇ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၂ရက်မှ ၄ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၁ရက်မှ ၁၃ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၈ရက်မှ ၁၀ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၅ရက်မှ ၇ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ ၉၀ (သုံးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ ၆၀ (နှစ်ပေခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် စင်တီမီတာ ၃၀ (တစ်ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၃၀(တစ်ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။ (မိုး/ဇလ)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ကျင်းပရာ ဒုတိယတန်း(ခ)မှ ဘက်စုံထူးချွန်ပထမဆုရ မမေမြတ်နိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရှိန် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၃၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၅ ၉။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၁၁။ အားလုံးရဲ့တာဝန်
- ၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၂၀)**
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၆။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
- ၆း၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၆၁)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက်(၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ ဟာသရုပ်စုံ -အကောင်းမြင်သမား (ချစ်ချောအဖွဲ့နှင့် နောက်တိုးအဖွဲ့)
- ၂၅။ မွေးမြူသုတ
- ၂၆။ သီချင်းလက်ဆောင်
- ၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၅)**
- ၂၉။ Mini Series
- ၃၀။ သင့်အတွက်မနက်ဖြန်
- ၃၁။ အပိတ်နှုတ်ဆက်စကား
- ၃၂။ ပြီးပါပြီ။

မီးမလောင်ခင် သတိယှဉ်
ကြိုတင်ကာကွယ်ပါ

အင်းစိန်မြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာကုန်း ရိပ်သာလမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် လျှပ်စစ်ဒါးမိန်းခလုတ်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် အိမ်ခြေငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၄ စု အိုးမဲ့အိမ်မဲ့ဖြစ်ကာ အမျိုးသမီးကြီးတစ်ဦး မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရေအေးကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကလေးနှစ်ဦး ဂက်စ်မီးခြစ်ဖြင့် ဆော့ကစားရာမှ မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စုကိုးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ချောင်းဖြူကျေးရွာ၌ လူတစ်ဦး ဂက်စ်မီးခြစ် ဂက်စ်ဖြည့်ပြီး မီးခြစ်ကြည့်စဉ် လက်ကို အပူလောင်သဖြင့် လွှတ်ချရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ခြေ ၂၀၈ လုံး မီးလောင်ကျွမ်းပြီး အိမ်ထောင်စု ၂၅၂ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သိရသည်။

ထပ်မံ သတိပေး

ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းမှုနှင့်အတူ မီးလောင်ပါက အလွယ်တကူ ငြိမ်းသတ်မရဘဲ မီးကူးစက်လောင်ကျွမ်းတတ်သဖြင့် မီးဘေးအန္တရာယ်သတိပေးချက်များ၊ နှိုးဆော်ချက်များ၊ ဟောပြောချက်များကို တိတိကျကျ လိုက်နာမှသာ မီးကြောင့်ဆုံးရှုံးမှုများဖြစ်ပေါ်မည်မဟုတ်ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထပ်မံသတိပေးလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ်နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ၂၀၁၀ခုနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းရုံးတည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်ဓမ္မာရုံဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များအားလုံးနှင့်ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးဒေသဖွားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း၊ အသက်(၇၅) နှစ်နှင့်အထက် အသင်းဝင်များနှင့် မိဘများ၏ အမည်စာရင်းကို အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ရွှေဖုံးမှ

စက်ရုံ၏ စက်တပ်ဆင်အား မဂ္ဂါဝပ် ၇၉၀ ကို အပြည့်အဝထုတ်လုပ်ပေးနိုင်ပြီဖြစ်သည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှုသည် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ၁၀ နှစ်နီးပါးကြာမြင့်ခဲ့ပြီး အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၄-၂-၂၀၁၁ ရက်တွင် လည်းကောင်း၊ အမှတ်(၂) ဓာတ်အားပေးစက်ကို ၁၆-၇-၂၀၁၀ ရက်တွင် လည်းကောင်း၊ အမှတ်(၃) ဓာတ်အားပေးစက်ကို ၁၆-၁၀-၂၀၁၀ရက်တွင် လည်းကောင်း၊ အမှတ်(၄) ဓာတ်အားပေးစက်ကို ၁၅-၁၂-၂၀၁၀ ရက်တွင် လည်းကောင်း စတင်လည်ပတ် ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်ခဲ့သည့် စီမံကိန်းဖြစ်ပြီး မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်တွင် တည်ရှိသည်။ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ထူးခြားချက်များစွာရှိသည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။

စီမံကိန်း တည်ဆောက်ရာတွင် နည်းပညာအသစ်များဖြင့် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ စိန်ခေါ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏများပြားခဲ့သည်။ မြန်မာနိုင်ငံရှိ ပထမဆုံး ပိုဇိုလန်၊ ဘိလပ်မြေနှင့်ကျောက်၊ ဓာတုပစ္စည်းများ ရောစပ်သွန်းလောင်းတည်ဆောက်ရသော RCC (Roller Compacted Concrete Technology)အသစ်ကို အသုံးပြုရသည့် တမံဖြစ်သည်။ ပြည်တွင်း၊ ပြည်ပကုမ္ပဏီကြီးများ ပူးပေါင်းပါဝင်ရသော စီမံကိန်းကြီးဖြစ်ပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်း ၁၅၀၀ ခန့်နှင့် အခြားကုမ္ပဏီ ဝန်ထမ်း ၁၂၀၀၀ ခန့်ပါဝင်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် နည်းပညာလွှဲပြောင်းရရှိမှု(Technical Transfer) ရရှိစေခဲ့သည်။

ထို့အပြင် RCC ပင်မတမံသည် အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိပြီး ကမ္ဘာ့အဆင့်မီ RCC ပင်မတမံကြီးများစာရင်းဝင်ဖြစ်သည်။ တမံတစ်ခုလုံး၏ ကွန်ကရစ်ပမာဏသည် ကျင်းတစ်သန်းခန့်ရှိပြီး အဓိကကျသည့် ကျင်းပေါင်း ၈၇၃၀၀၀ ကို RCC ဖြင့် သွန်းလောင်းခဲ့သည်။ RCC ကွန်ကရစ်တမံကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်အထိ နှစ်နှစ်နှင့် ၁၀ လကြာဆောင်ရွက်ခဲ့ရသည်။ ကမ္ဘာ့ RCC တမံကြီးများ (၂၀၀၉ ခုနှစ်စာရင်းအရ)ရဲရွာ RCC တမံသည် ကမ္ဘာပေါ်၌ ထုထည်အားဖြင့် တတိယအကြီးဆုံး၊ အမြင့်အားဖြင့် ပဉ္စမအမြင့်ဆုံးဖြစ်ပြီး RCC သွန်းလောင်းမှုအမြန်ဆုံး ကမ္ဘာ့အဆင့် (၉)ဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် အဓိကပစ္စည်းများအနေဖြင့် ဘိလပ်မြေတန်ချိန် ၅၆၉၄၀၀၊ ပိုဇိုလန် တန်ချိန် ၃၉၃၄၀၀၊ ခွဲကျောက်ကျင်းသန်းပေါင်း ၁၃သမ ၆၄၄ သန်း၊ သံချောင်း တန်ချိန် ၄၇၁၆၄ တန်၊ ဒီဇယ်ဆီဂါလန် သန်းပေါင်း ၁၄ သန်းခန့် သုံးစွဲခဲ့ရသည်။ စက်ယန္တရားကြီးများအစီးရေ ၁၆၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ လျှပ်စစ်ဓာတ်အားပေးစက် တစ်လုံးစီ၏ လျှပ်စစ်စက်မှုဆိုင်ရာ အလေးချိန်သည် တန်ချိန် ၁၂၀၀ ခန့်ရှိ စက်ပစ္စည်းများတပ်ဆင်ထားသည်။

အလေးချိန်များပြားသည့် စက်ပစ္စည်းကိရိယာများ သယ်ယူရန်အတွက် ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်)ကူး ကွန်ကရစ်တံတားတစ်ခု တည်ဆောက်ခဲ့ရသည်။ အဆိုပါတံတားသည် ခံနိုင်ဝန်တန် ၆၀၊ အရှည် ၇၀၇ ပေ၊ အကျယ်ပေ ၃၀ ရှိပြီး နယ်မြေလမ်းပန်းဆက်သွယ်မှုအတွက် အဓိကအသုံးဝင်သည့် တံတားတစ်ခုအဖြစ် ကျန်ရှိခဲ့သည်။ စီမံကိန်းပစ္စည်းများ သယ်ယူရန်အတွက် ရွှေစာရံ-ရဲရွာ၊ ဘယ်လင်း-ရဲရွာစီမံကိန်း ချဉ်းကပ်လမ်းနှစ်ခု စုစုပေါင်း လမ်းအရှည် ၅၉ မိုင်ကို ဖောက်လုပ်အသုံးပြုခဲ့ရာ နယ်မြေလမ်းပန်းဆက်သွယ်မှုအတွက် အဓိကလမ်းနှစ်လမ်း ကျန်ရှိခဲ့သည်။ စီမံကိန်း၌ အသုံးပြုမည့် ပိုဇိုလန်ရရှိရေးအတွက် ပုပ္ပားဒေသ၌ တစ်နေ့လျှင် တန် ၁၅၀၀ ကျ ပိုဇိုလန်စက်ရုံတစ်ရုံ တည်ဆောက်ခဲ့ရာ ပုပ္ပားဒေသမှ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရရှိစေခဲ့သည်။



ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ RCC ကွန်ကရစ်တမံနှင့် စက်ရုံရေထုတ်မြောင်းကို ပန်ရစ္စာတွေ့ရစဉ်။



ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ပေးသည့် ဓာတ်အားပို့လွှတ်ကွင်း (Switchyard)ကို တွေ့ရစဉ်။

ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ နည်းပညာအမျိုးမျိုးဖြင့် စူးစမ်းလေ့လာခဲ့ကြရာမှ ၂၀၀၀ ပြည့်နှစ်၌ ကျောက်ဆည်မြို့နယ် ရဲ-ယမန်းကျေးရွာအနီး၌ လျှပ်စစ်တပ်ဆင်အား မဂ္ဂါဝပ် ၇၉၀ ရှိမည့် ရေအားလျှပ်စစ်စီမံကိန်း တစ်ခု တည်ဆောက်နိုင်မည်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး အသေးစိတ်ဒီဇိုင်းပုံစံ စတင်ရေးဆွဲခဲ့သည်။

ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်အတွင်း အမှန်တကယ် စတင်ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းတွင် အဓိကအားဖြင့် လုပ်ငန်းကြီးရှစ်ခုပါဝင်ခဲ့သည်။ အဆိုပါလုပ်ငန်းများမှာ ရေလွှဲဥမင်လုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ RCC ကွန်ကရစ်တမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံ၊ စက်ရုံရေထုတ်မြောင်းနှင့် Switchyard လုပ်ငန်းများ ဖြစ်သည်။

ရဲရွာတမံသည် RCC ကွန်ကရစ်တမံအမျိုးအစားဖြစ်ပြီး ရေလွှဲဥမင်လိုဏ်နှစ်ခု၊ အချင်း ၃၃ ပေ၊ အလျား ၃၁၁၇ ပေ ပါဝင်သည်။ တမံအလျား ၂၂၆၄ ပေ၊ တမံအမြင့် ၄၃၃ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁ ဒသမ ၁၄ သိန်း၊ ရေပိုလွှဲအကျယ် ၄၄၈ ပေ၊ ရေအားအမြင့် (Head) ၂၂၉ ပေဖြစ်ပြီး လျှပ်စစ်စက်တပ်ဆင်အား စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဖြင့် စက်လေးလုံးမဂ္ဂါဝပ် ၇၉၀ တပ်ဆင်ထား၍ တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီးဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် သဘာဝပထဝီအနေအထားကောင်းမွန်မှု၊ ဒီဇိုင်းပုံစံဆန်းသစ်မှု၊ အသုံးပြုသောပစ္စည်းများ အရည်အသွေးပြည့်မီမှု၊ တည်ဆောက်သည့် နည်းပညာမြင့်မားမှုနှင့် ပညာရှင်များ၊ ကာယ၊ ဉာဏဝန်ထမ်းများ၏ ကြိုးပမ်းစွမ်းဆောင်မှုတို့ကြောင့် အံ့မခန်းဖွယ်ရာ ခံ့ညားထည်ဝါလှသော RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြစ်သည်။နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသော ရဲရွာရေအားလျှပ်စစ်စက်ရုံကြီးသို့ ဘယ်နှကြိမ်ပင် ရောက်ရှိသည်ဖြစ်စေ မြင်ကွင်းများက အမြဲပင်ဆန်းသစ်နေမည်သာ ဖြစ်ပေသည်။

ထူးခြားချက်များစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏အကြီးဆုံးသော စီမံကိန်းဖြစ်ပြီး သန့်ရှင်းသပ်ရပ်သော စက်ရုံ၊ သန့်စင်သောစွမ်းအင် (Clean Energy) ထုတ်လုပ်သော ကမ္ဘာ့အဆင့်အတန်းမီ စက်ရုံကြီးတစ်ရုံအဖြစ် ရပ်တည်လျက်ရှိရာ နောင်အရှည်သဖြင့် တည်တံ့ခိုင်မြဲ၍ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် RCC ကွန်ကရစ်တမံကို တွေ့ရစဉ်။

တောင်သာမြို့နယ် သမက္ကူရွာနှင့် အိုင်သာရွာ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်ရာ တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်း အပတ်စဉ်အသစ်ကို မတ်လ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

HND-BETEC (UK)နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များကို အခြေခံပြီး နိုင်ငံတကာဟိုတယ်လုပ်ငန်း အတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်ဖြစ်ကာ Leadership & People Management, Human Resources Management, Sale & Marketing Management, Front Office Management, Food & Beverage Management, Housekeeping Management စသည့် ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးလကြာမြင့်မည်ဖြစ်သည်။

စာတွေ့သာမက လက်တွေ့ပိုင်း သင်ခန်းစာများကို ထိရောက်အောင် သင်ကြားပေးမည်ဖြစ်သဖြင့် Management Skills ကို အမှန်တကယ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်မည် ဖြစ်သည်။ လက်ရှိဟိုတယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်လည်း Management Skills များ ပိုမိုသိရှိနားလည်စေရန်အတွက် ရည်ရွယ်ပြီး သင်တန်းကြေး အထူးနှုန်းနှင့် Duty ချိန်လွတ် သင်တန်းများကိုလည်း စီစဉ်ပေးမည်ဖြစ်သည်။

ပြည်တွင်းပြည်ပရှိ နိုင်ငံတကာဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre Interview များကို လေ့ကျင့်ပေးသည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀ နှင့် Email: info@staresources.com တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ညနေပိုင်းထမင်း / ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

❖ သတ္တုတွင်းမှ

အခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nobel Gold Limited ဥက္ကဋ္ဌ Mr. Grigory Gurevich က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် Nobel Gold Limited ဥက္ကဋ္ဌ Mr. Grigory Gurevich နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေတို့သည် လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအုန်းမြင့်က ဝန်ကြီးဌာန ဓာတ်သတ္တု စမ်းသပ်တိုင်းတာခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခွင့် ခွင့်ပြုမိန့်တို့ကို Nobel Gold Limited ဥက္ကဋ္ဌ Mr.Grigory Gurevich ထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း (အရာထမ်း) အမှတ်စဉ် (၁/၂၀၁၁)နှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းများဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

စုစုပေါင်း ၁၀ ခေါက် ပြေးဆွဲပေးတယ်။ အရင်ပြေးနေတာနဲ့ မလုံလောက်တော့တဲ့အတွက် သွားလာမှုများတဲ့ အချိန်တွေကို အချိန်ဇယား စီစဉ်ရေးဆွဲပြီး အခုလိုအထူးလိုင်းတွေဖြည့်စွက် ပြေးဆွဲပေးတာဖြစ်ပါတယ်။ ရုံးချိန်၊ ကျောင်းချိန်အတွင်းမှာ ဖြည့်ဆွဲပေးပါတယ်။ နေ့စဉ်ခရီးသည် သုံးထောင်နဲ့ သုံးထောင့်ငါးရာဝန်းကျင်ရှိတယ်။ စနေ၊ တနင်္ဂနွေရက်တွေမှာတော့ သွားလာမှုနည်းတယ်"ဟု ရန်ကုန်-ခနောင်တို ကူးတို့လိုင်းမှ ကြီးကြပ်ရေးမှူးဖြစ်သူ ဦးအောင်စိုးက ရှင်းပြသည်။

ယခုပြေးဆွဲလျက်ရှိသည့် ရန်ကုန်-ခနောင်တို ကူးတို့ခရီးစဉ်တွင် ပုံမှန်ကူးတို့လိုင်း ခြောက်လိုင်း၊ အထူးလိုင်း လေးလိုင်းဖြင့် ပြေးဆွဲပေးနေကြောင်း၊ ကူးတို့စီးခရီးသည်များ သွားလာမှုအဆင်ပြေစေရန်အတွက် ကူးတို့ဆိုက်ကပ်သည့် ဆိပ်ကမ်းကိုလည်း ပုံသေသတ်မှတ်ပြေးဆွဲပေးထားကြောင်း သိရသည်။

ထိုသို့ ခရီးသည်များ သွားလာမှုအဆင်ပြေစေရန် လုပ်ဆောင်ပေးသည့်အပြင် ကူးတို့လိုင်းမှ တာဝန်ရှိသူများအနေဖြင့် ခရီးသည်များ၏ အသက်အန္တရာယ်လုံခြုံစေမှုကိုလည်း အဓိကထား ဂရုစိုက်လုပ်ဆောင်ပေးရကြောင်း၊ ခရီးသည်များအနေဖြင့် သင်္ဘောတွင် လိုက်ပါစီးနင်းရာ၌ လိုက်နာသင့်သည်များ၊ သင်္ဘောဆိပ်ကမ်းမှ ခွာစဉ်နှင့် ဆိပ်ကမ်းသို့ကပ်စဉ် ပြေးတက်ပြေးဆင်းပြုလုပ်ခြင်း စသည့် အသက်အန္တရာယ်နှင့်တွေ့ကြုံရနိုင်သည်များ မဖြစ်ပေါ်စေရန်အတွက် အသိပညာပေးခြင်း၊ ရေကြောင်းနှင့်ပတ်သက်၍ သိရှိနားလည်သင့်သည်တို့ကိုလည်း အသိပေးပြောကြားခြင်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ ။

ရန်ကုန်-ခနောင်တိုခရီးသည်များ သွားလာမှုအဆင်ပြေစေရန် အထူးကူးတို့လိုင်းများ ပြေးဆွဲပေးလျက်ရှိရာ ခနောင်တိုကမ်းဘက်ခြမ်း၌ ခရီးသည်များ ရေယာဉ်စီးနင်းရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

ဝန်ကြီး ဦးအောင်သောင်း ကွန်ပျူတာသင်တန်းများဖွင့်ပွဲ၌ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း (အရာထမ်း) အမှတ်စဉ် (၁/၂၀၁၁)နှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအား ကွန်ပျူတာပညာရပ်များဖြင့် လုပ်ငန်းခွင်၌ ပိုမိုထိရောက်စွာအသုံးပြုနိုင်ရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိ၏ လုပ်ငန်းတာဝန်ကို အောင်မြင်စွာ ထမ်းရွက်နိုင်စေရန် မိမိ၏ စွမ်းဆောင်ရည်ကို အစဉ်အမြဲတိုးတက်မြင့်မားအောင် မြှင့်တင်နေကြရန် လိုအပ်ကြောင်း၊ သင်တန်းက ရရှိလာသော ကွန်ပျူတာပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန် ကြိုးစားလေ့ကျင့်သင်ကြားကြရန် လိုအပ်ကြောင်းနှင့် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော ကွန်ပျူတာပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာကြပြီး တိုင်းပြည်အကျိုး၊ ဝန်ကြီးဌာနအကျိုး၊ မိမိအကျိုးကို အစဉ် တိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

'စင်ကာပူမှာဆေးကုမှာလား. . ဒါလေးဖတ်ပါ ဆေးကုသစရိတ် ဒေါ်လာ ၂၄ ဒသမ ၈ သန်းတိုးမြှင့် မတရားတောင်းခံသည့် ဆရာဝန်မကြီး စုံစမ်းစစ်ဆေးခံနေရ' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၈)ကို ယနေ့ဖြန့်ချိလိုက်သည်။

လောင်းကစားစွဲလမ်းသူများ ဖတ်သင့်သည့် သတင်းတစ်ပုဒ်၊ အန္တရာယ်မရှိသေးသော အဆောက်အအုံများကို အန္တရာယ်ရှိသော အဆောက်အအုံအဖြစ် မြို့တော်စည်ပင်သို့ အကြောင်းကြားမှုများ ပြုလုပ်လာ၊ ကုန်သေတ္တာ (ကွန်တိန်နာ) ကားများ ရန်ကုန်မြို့တွင် ရှားပါး၊ ကားမှတ်တိုင်အနီးရှိ ဓာတ်ဆီဆိုင်များတွင် ဓာတ်ဆီတန်းစီသောကားများနှင့် စည်းကမ်းမဲ့ ခရီးသည်တင်ယာဉ်များ ယာဉ်တိုက်မှုဖြစ်ပွားမည်ကို စိုးရိမ်နေရ၊ မည်သည့်ကားမဆို တစ်ရက်တစ်ခေါက်သာ ဆီထုတ်ယူကြပါရန်၊ ရှာပုံတော်မင်းသားကြီးတို့ မမောနိုင်မပန်းနိုင်၊ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွား၊ အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းမှဖြတ်သွားခြင်းသည် အစ္စရေးကို ရန်စသည်ဟု စွပ်စွဲ၊ လက်ဘနွန်နိုင်ငံထဲသို့ ဝင်ရောက်ပြီး ဟစ်ဇ်ဘိုလာတို့အား လိုက်လံတိုက်ခိုက်ဖွယ်ရှိဟု အစ္စရေးကာကွယ်ရေးဝန်ကြီး သတိပေး၊ မြေထဲပင်လယ်အတွင်းမှ အီရန်စစ်သင်္ဘောနှစ်စင်းကို နေတိုးစောင့်ကြည့်နေ၊ တရုတ်နိုင်ငံ လေယာဉ်တင်ဒိုးပျံသင်္ဘောများက အာရှရှိ အမေရိကန်ရေတပ်အင်အားကို မည်သို့မျှမတုန်လှုပ်စေနိုင်ကြောင်း အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီးပြောကြား၊ ဥရောပဒုံးကျည်ကုမ္ပဏီ(MBDA)က ဖောက်သည်နိုင်ငံများသို့ ဘက်စုံသုံး တိုက်ခိုက်ရေးယာဉ်များ တင်ပို့ရောင်းချရန်ရှိနေ၊ အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ဆင်နွှဲသည့် လျှို့ဝှက်စစ်ပွဲစသည့် နောက်ဆုံးရပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ပျဉ်းမနားမြို့ မဈေးကြီး မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ဈေးများမီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ပျဉ်းမနားမြို့ မြို့မဈေးကြီး၌ ကျင်းပရာ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ခင်မောင်ရီနှင့် ဈေးမိဈေးဖများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်က ဆွေးနွေးမှာကြားပြီး မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ် လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ဖေဖော်ဝါရီ ၁၉ ရက်က သာကေတမြို့နယ် မီးသတ်စခန်းမှ စခန်းမှူး ဦးဖြူဝင်း ဦးဆောင်လျက် နွယ်အေးရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ငွေ၊ ဒေါပုံမြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမျိုးထိုက်တို့ နွယ်အေးရပ်ကွက်အတွင်း မီးဘေးကြိုတင်တားဆီးရေးလုပ်ငန်းများကို တစ်အိမ်တက်ဆင်းလိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်မီးသတ်)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	"ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
၆:၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၉)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၆)**
၈:၄၀	Super Star Singing Contest မှ မွေးဖွားလာတဲ့ကြယ်ပွင့်များ
၉:၀၅	ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနား
၉:၂၅	ကြည်နူးပြုံးပျော်စေမှာ. . . OK Myanmar
၉:၄၅	Cartoon Show Time (Megamind 3D)
၁၀:၂၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၂၅	Activities in The City - အောင်ဆန်းသူရိယလှသောင်း တပ်မတော်အထက်တန်းကျောင်း - ကူးစက်ရောဂါနှင့်နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးရန်ပုံငွေအစီအစဉ်
၁၀:၅၅	Celebrity Style (ဖေယျ)
၁၁:၂၅	International Show Biz
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	တွံတေးမြို့မြတ်ဆရာပူဇော်ပွဲ
၁၂:၃၀	ရန်ကုန်မြင်ကွင်းကျယ် (Dumex ကလေးငယ်များ ပျော်ပွဲရွှင်ပွဲ)
၁၂:၄၀	သဲတောမြို့အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲ
၁:၀၀	"ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်များအား ကွင်းဆင်းစစ်ဆေးမှုအစီအစဉ်
၂:၄၀	Activities in The City (547 Trading နှင့်မိတ်ဖက်ကုမ္ပဏီများ၏အထူးဈေးရောင်းပွဲတော်)
၂:၅၀	အထက(၆)အလုံရဲ့ မြင့်မြတ်တဲ့မြတ်ဆရာပူဇော်ပွဲ
၃:၀၅	ရန်ကုန်မြင်ကွင်းကျယ် ("ပန်းများအလှထာဝရ" ပန်းပြင်ဆင်မှုအလှပြိုင်ပွဲ)
၃:၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၉)**
၄:၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၆)**
၄:၅၅	T.Home ရောင်စုံသကြန်ကို ကြိုတင်ခံစားခြင်း
၅:၂၀	The Champion of Dance
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (GREE ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၆:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၀)**
၇:၂၀	Celebrity Choice (အိမ့်ချစ်)
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Calsome ကွေကာကနေကြီးမှုကျင်းပတဲ့စိတ်လှုပ်ရှားဖွယ်ရာ မိသားစုအားလပ်ရက်များဖြစ်စေဖို့ Family Challenge)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဘုရားသုံးဆူတောင်တော်မဟာမှ အေးရိပ်ဆာယာဘိုးဘွားရိပ်သာ
၈:၄၅	ရန်ကုန်မြင်ကွင်းကျယ် (ယုဇနပလာဇာအရောင်းမြှင့်တင်ပွဲနှင့်အလှမောင်မယ်ရွေးပွဲ)
၈:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၇)**
၁၀:၁၀	အနုပညာမိုးကောင်းကင်
၁၀:၃၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "၃+၄=အချစ်"
၁၀:၅၅	World of Knowledge (Japanese Cowboy)
၁၁:၄၅	လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
၁၁:၅၅	ဘဝများ (ဝဏ္ဏခွာနီး)
၁၂:၂၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၂:၅၅	Box Office Movies (SURRO GATES)
၁:၁၅	လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၁:၃၀	Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၁:၅၅	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၂:၀၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
၂:၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ)
၂:၅၅	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၃:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၀	တိုးတက်စည်ပင ညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
၄:၃၀	တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄:၅၀	ထင်ရှားဖူးမြော် မွေတော်ကဏ္ဍုစေတီတော်
၅:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂၃:၀၀	Chelsea - Man U	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၅၅	Everton - Reading	STAR SPORTS (Live)

အင်းစိန်မြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ရှစ်ဦးဒဏ်ရာရရှိ၊ မသက်သာသူတစ်ဦး၏ တိုက်ခန်းမှ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာ တိုက်(၁)နှင့်(၂)ကြား အိမ်ရှေ့စင် စတိုးဆိုင်ဘေး၌ ဖေဖော်ဝါရီ ၂၇ ရက် ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ပေါက်ကွဲမှုတွင် မသက်သာသူ ဇော်မင်းသန်း (၂၆) နှစ် (ဘ)ဦးဟန်ဦးအား ဝဲခြေထောက်ကျိုးကြေမှု၊ ယာခြေသလုံးကြွက်သားကြေမှု၊ ဝဲလက်ချောင်းများကြေမှုဒဏ်ရာများနှင့် တွေ့ရှိရသဖြင့် တာဝန်ရှိသူများက အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါဒဏ်ရာရရှိသူနေထိုင်သည့် အောင်ဇေယျအိမ်ရာ တိုက်(၄) အခန်း(၅၀၂) တိုက်ခန်းအား ဝင်ရောက်ရှာဖွေရာ ဖော့ဘူးနှင့်ထည့်လျက် အသင့်တပ်ဆင်ထားရှိသော ဒီတိုနေတာတစ်ခု၊ ဓာတ်ခဲလေးလုံး၊ နာရီတစ်လုံး၊ စက္ကူအဝါပတ်လျက် အလျားနှစ်လက်မခွဲ၊ အနံတစ်လက်မခွဲခန့်ရှိ TNT ယမ်းတစ်ထုပ်တို့ ပါရှိသည့် လက်လုပ်ဗုံးတစ်လုံးနှင့် အလျားငါးလက်မ၊ အနံသုံးလက်မ၊ အမြင့်သုံးလက်မခန့်ရှိ စက္ကူဘူးအတွင်း ဒီတိုနေတာ ခြောက်ခု၊ ဝါယာဟောင်းနှစ်ခွေ၊ ဓာတ်ခဲလေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူရှစ်ဦးမှာ-

(က) ဇော်မင်းသန်း(၂၆)နှစ် (ဘ)ဦးဟန်ဦး (တိုက်-၄၊ အခန်း-၅၀၂၊အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ်)ဝဲခြေထောက်ကျိုးကြေမှုဒဏ်ရာ၊ ယာခြေသလုံးကြွက်သားကြေမှုဒဏ်ရာ၊ ဝဲလက်ချောင်းများ ကြေမှုဒဏ်ရာ(စိုးရိမ်ရ) (ပေါက်ကွဲမှုတွင် မသက်သာသူ)

(ခ) ထွန်းထွန်း(၂၁)နှစ် (ဘ) ဦးစောရွှေ (မ/၁၉၉၊ ပတ္တမြားလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်) နောက်စေ့နှင့် ပေါင်တို့တွင် ဗုံးစမှန်ဒဏ်ရာ (မစိုးရိမ်ရ)

(ဂ) မသင်းသင်း(၂၅)နှစ်(ဘ)ဦးလှိုင်ဝင်း (ကွမ်းယာရောင်း၊ ပတ္တမြားလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်) နားမကြား/ ဝဲလက်သန်းထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)

(ဃ) မငြိမ်းငြိမ်းထွန်း (၃)နှစ် (ဘ)ဦးမင်းမင်းထွန်း (မ/၉၆၊ ခေမာလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဦးခေါင်းပေါက်ပြဲ၊ ညာခြေသလုံး ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)

(င) ဇော်မင်းထိုက် (၁၃)နှစ်(ဘ) ဦးမင်းမင်းထွန်း (မ/၉၆၊ ခေမာလမ်း ၊ ကမ်းနား အလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဦးခေါင်းနာကျင်၊ ဝမ်းဗိုက်ပေါက်ပြဲ၊ ခြေသလုံးထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)

(စ) တင့်လွင်ဦး (၂၇)နှစ် (ဘ) ဦးခင်ညွန့် (မ/၉၂၊ နေသိဒ္ဓိလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဝဲချိုစောင်းပေါက်ပြဲ၊ ဝဲပေါင်ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)

(ဆ) ကေသီမျိုးကျော် (၂၂)နှစ် (ဘ)ဦးကျော်မြင့် (တိုက်-၁၃၊အခန်း-၀၀၃၊ မြေညီထပ်၊ အောင်ဇေယျအိမ်ရာ၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ယာပေါင်ပေါက်ပြဲ၊ ယာမျက်ခုံး ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ)

(ဇ) မဝေပပဆွေ (၃၁)နှစ် (ဘ)ဦးမြင့်ဆွေ (မ/၉၂၊ နေသိဒ္ဓိလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဝဲခြေသလုံးပေါက်ပြဲ၊ နားအူဒဏ်ရာ (မစိုးရိမ်ရ) တို့ဖြစ်ကြသည်။

ဒဏ်ရာရရှိသူများအား အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်း တည်ငြိမ်မှုကို ပျက်ပြားစေရန်၊ လူထု တုန်လှုပ်ချောက်ချားစေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများပြုလုပ်ရန် အမြဲမပြတ် ကြံစည်ကြိုးစားလျက်ရှိရာ အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲ ဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်လုပ်ဗုံး တစ်လုံးအား အသက်မဲ့ ပြုလုပ်ပြီးနောက် တွေ့ရစဉ်။

တာဝန်ရှိသူများက ဇော်မင်းသန်း၏ နေအိမ်ခန်းအတွင်း ရှာဖွေနေစဉ်။

အက်ဖ်အေက ချမှတ်မည့်ပြစ်ဒဏ်ကို ဝိန်းရွန်နေး ရှောင်လွှဲနိုင်ဖွယ်ရာမရှိ

မန်ချက်စတာ ဖေဖော်ဝါရီ ၂၈

မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေး၏ ဝီဂန်နှင့်ပွဲတွင် ကျူးလွန်ခဲ့သည့် ပြစ်ဒဏ်အပေါ် အက်ဖ်အေက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ၎င်းအနေဖြင့် သုံးပွဲသို့မဟုတ် လေးပွဲအထိ ပွဲပယ်ပြစ်ဒဏ်ချမှတ် ခံရဖွယ်ရှိနေသည်။

စုံစမ်းစစ်ဆေး

မန်ယူအသင်းသည် ပြီးခဲ့သည့် စနေနေ့က ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ဝီဂန်နှင့်အဝေးကွင်း သွားရောက်ကစားခဲ့ရသည့်ပွဲတွင် မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေးသည် ဝီဂန်ကွင်းလယ်ကစားသမား ဂျိမ်းစ်မက္ကာသီအား ဘောလုံးမရှိဘဲ အသားလွတ်မျက်နှာကို တံတောင်ဖြင့် တွက်ခဲ့သည်။ ၎င်းအချိန်တွင် ကွင်းလယ်ဒိုင်လူကြီး မာ့ခ်ကလာတင်ဘတ်က တစ်စုံတစ်ရာ ပြစ်ဒဏ်ပေးခြင်းမရှိခဲ့ပေ။ သို့သော် ယခုအချိန်တွင် အက်ဖ်အေက အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဝီဂန်နှင့် မန်ယူပွဲမှ ကွင်းလယ်ဒိုင်လူကြီး မာ့ခ်ကလာတင်ဘတ်နှင့် ဝိန်းရွန်နေး။

ရှောင်လွှဲနိုင်ရန်မလွယ်

ဝိန်းရွန်နေးအနေဖြင့် ၎င်းဖြစ်ရပ်ကို အပြစ်ရှိကြောင်းဝန်ခံမည်ဆိုပါက ချယ်လ်ဆီးနှင့်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်(၁၈) လက်ကျန်ပွဲအပါအဝင် နောက်ထပ်နှစ်ပွဲ လွဲချော်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ဝိန်းရွန်နေး အနေဖြင့် ၎င်းကိစ္စကို အပြစ်ရှိကြောင်း ဝန်ခံခြင်းမရှိပါက ချယ်လ်ဆီးနှင့်ပွဲ အပါအဝင် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်မည်ဖြစ်ပြီး မထီလေးစားပြုလုပ်မှုအတွက် တစ်ပွဲပယ်ပြစ်ဒဏ် ထပ်မံချမှတ်ခံရမည်ဖြစ်၍ စုစုပေါင်းလေးပွဲပယ်ပြစ်ဒဏ်ကို ခံရမည်ဖြစ်သည်။ ထို့ကြောင့် မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေးသည် ယခုကိစ္စနှင့်ပတ်သက်၍ ပြစ်ဒဏ်မှရှောင်လွှဲနိုင်ရန်မှာ မလွယ်ကူတော့ပေ။ ***အင်တာနက်။***

ကားလင်းဖလားအရှုံးကို အလွန်စိတ်ပျက်မိကြောင်း အာစင်ဝင်းဂါးဆို

လန်ဒန် ဖေဖော်ဝါရီ ၂၈

ယမန်နေ့က ဝင်ဘလေကွင်း၌ ကျင်းပခဲ့သည့် ကားလင်းဖလား ဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းသည် ဘာမင်ဂမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ ကားလင်းဖလားကိုလက်လွတ်ဆုံးရှုံးခဲ့ရသည်။ ၎င်းရှုံးနိမ့်မှုအပေါ် နည်းပြအာစင်ဝင်းဂါးက အလွန်အမင်းစိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

၎င်းပွဲစဉ်၌ ပထမပိုင်း ၂၇ မိနစ်တွင် သွင်းယူခဲ့သည့် ဘာမင်ဂမ်တိုက်စစ်မှူး ဇီဂမ်၏ ဦးဆောင်ဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၈၉ မိနစ်တွင် အာဆင်နယ် နောက်ခံလူ ကိုစီရာယ်နီနှင့် ဂိုးသမား ဆက်ဇာနီတို့၏ အမှားမှ တစ်ဆင့် ဘာမင်ဂမ်တိုက်စစ်မှူး မာတင်က အနိုင်ဂိုးသွင်းယူသွားရာ အာဆင်နယ်အသင်းအနေဖြင့် ၎င်းဂိုးကို ပြန်လည်ချေပနိုင်ခြင်းမရှိဘဲ ကားလင်းဖလားကို ဘာမင်ဂမ်လက်ထဲသို့ အပ်နှင်းလိုက်ရသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက "ဒီအရှုံးကြောင့် အရမ်းကို ထိခိုက်ခံစားခဲ့ရပါတယ်။ ဒါဟာ မမှားသင့်တဲ့အမှားပါ။ ဂိုးပေးလိုက်ရပြီးချိန်မှာ ကျွန်တော်တို့ ပထမဂိုးလို ပြန်လည်ချေပချိန်မရလိုက်တော့ပါဘူး။ ကစားသမားတွေအနေနဲ့ ဒါကို သင်ခန်းစာယူရမှာပါ။ ဒါပေမယ့် ဒီအရှုံးကို မေ့ပြီး ကျန်တဲ့ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်တို့မှာ အကောင်းဆုံး ပုံစံရအောင် ပြင်ဆင်ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဟန်သစ်

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၅၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ပူတာအိုလေယာဉ်ကွင်း အဆင့်မြှင့်၍ ပြေးလမ်းသစ် တိုးချဲ့ဖောက်လုပ်နေ၊ မြန်မာ့ပထမဆုံး Onlineနှင့် Offline ကုန်စည်ပြပွဲကြီး ကျင်းပမည်၊ တန်ဖိုးနည်းအိမ်ရာများကို နှစ်စဉ်လျှောက်ထားမှုအလိုက် အကန့်အသတ်မရှိ ဆောက်လုပ်မည်၊ စတီးဝဲလ်လမ်းမကြီး အရှိန်မြှင့်ပြင်ဆင်၍ မြောက်အာရှအထိ ကုန်သွယ်မှုမြန်ဆန်စေမည်၊ ထားဝယ် အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံသူများ ပြည်ပရောင်းရငွေအပေါ် ဝင်ငွေခွန် ငါးနှစ်ကင်းလွတ်ခွင့်ရမည်၊ သုံးနိုင်ငံကမ်းခြေပတ် အပန်းဖြေသင်္ဘောကြီးများဖြင့် ခရီးသွားလိုလျှင်၊ နိုင်ငံတော်ပိုင်နှင့် နိုင်ငံပိုင် သိမ်းဆည်းထားသော မြေနှင့်အဆောက်အအုံ၊ တိုက်ခန်း၊ မြေကွက်တို့ကို ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသူ အထူးများပြား၊ ဖုန်းမလိုဘဲ အခြားမိုလ်ဘိုင်းဖုန်းသို့ SMS ပို့နိုင်မည့် ကြိုတင်ငွေပေးကတ်များရောင်းချ၊ စားသောက်ကုန်များ အန္တရာယ်ရှိ၊ မရှိ UMFCCI တွင် အခမဲ့ဓာတ်ခွဲစစ်ဆေးပေးမည်၊ ဉာဏ်ရည်မမီသူများအတွက် အားကစားသင်တန်းကျောင်းကြီး တည်ဆောက်တော့မည်၊ ဆန်းပြားလှသည့် ကမ္ဘာကျော် ရေပန်းမြို့တော်၊ တစ်စတုရန်းမီလီမီတာသာရှိသော ကမ္ဘာ့အသေးဆုံး ကွန်ပျူတာ၊ ရေတပ်က စတင်ပစ်ခတ်သည်ဟုဆိုကာ ဆိုမာလီ ပင်လယ်ဓားပြများက အမေရိကန်နိုင်ငံသား လေးဦးကိုသတ်ဖြတ်၊ ဝီကီလိခ်စ်ထူထောင်သူကို ဆွီဒင်သို့ တရားစွဲဆိုရန် လွှဲပြောင်းပေး၊ (၈၃) ကြိမ်မြောက်အော်စကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲကျင်းပ. . ."စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ နယ်မြေများအတွင်းမှ ၂၀၀၉/၂၀၁၀/၂၀၁၁ ခုနှစ်အတွင်း သိမ်းဆည်းခဲ့သည့် စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များအနက် လိုင်စင်ရှိ မော်တော်ဆိုင်ကယ်များအား ၁-၃-၂၀၁၁ ရက်နေ့မှ ၂၁-၃-၂၀၁၁ ရက်နေ့အထိ ၂၁ရက်အတွင်း ပိုင်ရှင်အမှန်ဖြစ်ကြောင်း အထောက်အထားပြ၍ ဒဏ်ကြေးငွေကျပ် နှစ်သိန်းပေးဆောင်ပြီး သက်ဆိုင်ရာ ယာဉ်ထိန်းနယ်မြေအသီးသီးသို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်းနှင့် ပြန်လည်ထုတ်ယူခြင်းမပြုသော မော်တော်ဆိုင်ကယ်များအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သာကေတမြို့နယ် အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို အဆိုပါ ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ ကျောင်းရေသန့်စက်အတွက် ဒုတိယဗိုလ်မှူးကြီး အောင်သန်းက အလှူငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးထံ ပေးအပ်လှူဒါန်းစဉ်။

(ပညာရေး)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nobel Gold Limited တို့၏ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဗန်းမောက်ဒေသ၌ ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nobel Gold Limited ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့နံနက် ၇ နာရီ ၂၆ မိနစ် ၁၀ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာ စကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဒေသခံများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် ကူးတို့အထူးလိုင်းများ စီစဉ်ပြေးဆွဲပေးလျက်ရှိ

သတင်း - ရဲဝင်းဆောင်(ကြေးမုံ)
ဓာတ်ပုံ - မောင်ကြင်နာ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဒေသခံများ သွားလာမှုအဆင်ပြေစေရန်အတွက် ရန်ကုန်-ခနောင်တို ကူးတို့သင်္ဘောလိုင်းတွင် အထူးလိုင်းများကိုပါ ဖြည့်စွက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်-ခနောင်တို အထူးကူးတို့နှင့် စီးနင်းသူများ။

"ရန်ကုန်-ခနောင်တိုက လိုက်ပါတဲ့သူများတဲ့အတွက် ပုံမှန်ဆွဲတဲ့ကူးတို့အပြင် အထူးလိုင်းတွေကို အားဖြည့်ဆွဲပေးတယ်။ အခုကကရုံးဆင်း၊ ရုံးတက်ချိန်တွေပေါ့။ အခုလိုအားဖြည့်ပြေးဆွဲမှုကြောင့် ဝန်ထမ်းတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေအတွက် ပိုပြီးအဆင်ပြေသွားတယ်။ အထူးလိုင်းနဲ့လိုက်ရတာ အားသာချက်တွေရှိတဲ့အတွက် အဲဒီအခေါက်ကို မီအောင်လိုက်ကြသူတွေများတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပြန်ကြားရေးဌာနမှ မန်နေဂျာ ဦးထိန်လင်းက ပြောကြားသည်။

ယခုပြေးဆွဲပေးနေသည့် ရန်ကုန်-ခနောင်တို ကူးတို့လိုင်းရှိ အချို့ခရီးစဉ်လိုင်းများသည် ခနောင်တိုဆိပ်အပြင် အတွင်းဘက်ကျသည့် လက်ပံကုန်းဝအထိ ပြေးဆွဲပေးရာ ဒေသခံတို့အတွက် သွားလာမှုတွင် များစွာအဆင်ပြေကြောင်း၊ ထိုသို့မဟုတ်ပါက ခနောင်တိုမှတစ်ဆင့် လက်ပံကုန်းဝသို့ ခရီးတစ်ဆင့် ထပ်မံသွားရောက်ရမည်ဖြစ်ရာ ထိုသို့တစ်ဆင့် သွားရောက်ရသည့်အတွက် ကုန်ကျမည့် သမ္ဗန်စီးနင်းခလည်း သက်သာသွားမည်ဖြစ်သည့်အပြင် အချိန်နှောင့်နှေးကြန့်ကြာမှုကိုလည်း ဖြေရှင်းပေးရာရောက်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

"လိုင်းက ခြောက်လိုင်းရှိတယ်။ ခြောက်လိုင်းကို တစ်နေ့ ၁၀ ခေါက်ပေါ့။ ပုံမှန်လိုင်းက ခြောက်ခေါက်။ အထူးလိုင်းက လေးခေါက်ပြေးဆွဲပေးတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪